ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ | Sunday, 5 June 2022 | ၁၀၇၅၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုနိုင်ငံတော်ကို လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရမည်

နေပြည်တော် ဇွန် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အတွင်းရေးမှူး(၂) ဦးအားလူနှင့် ဆက်ဆံရေးနှင့် ဆက်သွယ်ရေးဌာနကြီးမှူး ဦးစိုင်းမောက်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ကြေးမုံ

# နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်မြင့်မားရေး အားကစားအဆင့်မြှင့်တင်

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ် ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား ဇွန်လ ၃ ရက်နေ့က နိုင်ငံတော်က ဂုဏ်ပြုဆုများချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပေးပြီး ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ၏ အားသာချက်၊ အားနည်းချက်များနှင့် လာမည့်အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ပိုမိုရရှိရေးအတွက် လမ်းညွှန်မှာကြားအားပေးခဲ့သည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ တွင် အားကစားသမား ၂၉၃ ဦး၊ အုပ်ချုပ်သူ၊ နည်းပြ ၉၇ ဦး စုစုပေါင်း ၃၉၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာအားကစားအဖွဲ့များသည် ပြိုင်ပွဲတစ်လျှောက်တွင် ရေကုန်ရေခန်း အစွမ်းကုန်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင်မှုကြောင့် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခုရရှိကာ ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံရှိသည့်အနက် နိုင်ငံအဆင့် (၇) ရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့များအနေဖြင့် ကျင်းပပြီးစီးခဲ့သည့် (၂၉)ကြိမ်မြောက်၊ (၃၀)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ကြည့်လျှင် တိုးတက်မှုများရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

သို့သော် အချို့အားကစားပြိုင်ပွဲများတွင် နည်းစနစ်ပိုင်း၊ သက်လုံပိုင်း၊ ကြံ့ခိုင်မှုပိုင်း လိုအပ်ချက်များနှင့် အင်ပြည့်အားပြည့် ယှဉ်ပြိုင်မှုတွင် လိုအပ်ချက်များရှိနေသည်ဟု သုံးသပ်ရသည်။ ပြိုင်ပွဲအပြီးတွင် အားနည်းချက်များကို ပြန်လည်ဆန်းစစ်ကြည့်ပြီး နောင်လာမည့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ယခုထက်ပိုမိုရရှိအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် မြန်မာအားကစားသမားများ အရေအတွက်နည်းနည်းဖြင့် ပြိုင်ပွဲတစ်ခုလုံး၏ အားကစားနည်းအမျိုးအစား တစ်ဝက်ခန့်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော်လည်း နိုင်ငံအလိုက် အဆင့်တစ်ခုကို ထိုက်ထိုက်တန်တန် ရယူပေးခဲ့ကြသည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းအားထုတ်မှု၊ ဇွဲလုံ့လ၊ စိတ်ဓာတ်နှင့်အောင်မြင်မှုတို့ကို မှတ်တမ်းတင်ဂုဏ်ပြုရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားများ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပြင်းပြင်းထန်ထန် လေ့ကျင့်နေစဉ်ကာလအတွင်း တာဝန်ရှိသူများက မကြာခဏအားပေးကြသကဲ့သို့ အောင်နိုင်ရေးအလံ အပ်နှင်းသည့်အခမ်းအနားတွင်လည်း အားကစားသမားတစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှင့် ဒေါ်လာ ၂၀၀ နှုန်း၊ နည်းပြတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှင့် ဒေါ်လာ ၁၀၀ နှုန်းစီ ချီးမြှင့်ပေးပြီး အားကစားစိတ်ဓာတ်များကို မြှင့်တင်ပေးခဲ့သည်။ ထို့အပြင် ထပ်ဆောင်းချီးမြှင့်မှုအဖြစ် အားကစားပြိုင်ပွဲကျင်းပနေစဉ်ကာလတွင်လည်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသူများကို ဒေါ်လာ ၃၀၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသူများကို ဒေါ်လာ ၂၀၀၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသူများကို ဒေါ်လာ ၁၀၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ ၁၀၀၀၊ ငွေတံဆိပ်ရရှိကြသူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ ၇၅၀၊ ကြေးတံဆိပ်တွင် ဒေါ်လာ ၅၀၀ နှင့် အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းကို ဒေါ်လာတစ်သိန်း ချီးမြှင့်ပေးခဲ့ပြီး ထပ်မံ၍ ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

"အားကစားပြိုင်ပွဲများတွင် အနိုင်မခံ၊ အရှုံးမပေးစိတ်ဖြင့် ရိုးရိုးသားသား ကြိုးစားပြိုင်ပွဲဝင်ခဲ့ကြပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ဂုဏ်ယူရကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်ကြသည့်အတွက် အုပ်ချုပ်သူ၊ နည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်/မယ်များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန်ဂုဏ်ပြုရခြင်းဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြောကြားခဲ့သည်။

အားကစားသည် နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ပြီး နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို မြှင့်မားတိုးတက်စေသည်။ ထို့အပြင် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထက်သန်စေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်မခံ၊ အရှုံးမပေးသည့် ခိုင်မာပြင်းပြသော စိတ်ဓာတ်များ ဖြစ်ပေါ်စေသဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အားကစားအဆင့်အတန်း မြှင့်မားတိုးတက်စေရေး၊ ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်စေရေးတို့ကို အစဉ်မပြတ်ကြိုးပမ်းဆောင်ရွက်မြှင့်တင်အားပေးလျက်ရှိသည်။ သို့ဖြစ်ရာ အားကစားသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်သဖြင့် နိုင်ငံ့ဂုဏ်မြင့်မားရေးအတွက် အားကစားကဏ္ဍမြှင့်တင်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဇွန် ၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဘုရားကြီးကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အောင်ဇေရန်အောင် တပ်ဦးကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝက်ဘာစာသင်တိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မြရတနာဓမ္မကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ မြစေတီနန်းဦးစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်း

နေပြည်တော် ဇွန် ၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် သီရိရတနာဘုန်းတော်ကြီးသင် မူလွန်ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံဖြူ/စိမ်း အစုံ ၃၀၀ နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပရဟိတကျောင်းများသို့ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည့်အပြင် လိုအပ်ချက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဗန်းမော်မြို့နယ်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ဗန်းမော် ဇွန် ၄

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး Photoshop & PowerPoint သင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်းက အမှာစကားပြောကြားပြီး ABC Training Center ဆရာဦးစိုးမင်းမောင်က Photoshop & PowerPoint ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသည်။

သင်တန်းသို့ ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်ကွပ်ကဲမှုအောက်ရှိ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်းသစ် သင်တန်းသား သင်တန်းသူ ၁၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇွန် ၁ ရက်မှ ၁၁ ရက်ထိ ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာနိုင်မှသာလျှင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်နေချိန်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ရပ်တန့်နေ၍မရဘဲ စဉ်ဆက်မပြတ် တိုးတက်မှုရှိအောင် ဆောင်ရွက်နေရမည်ဖြစ်သည့် အခြေအနေများ၊ မိမိတို့အနေဖြင့် တိုင်းပြည်၏အနာဂတ်မျိုးဆက်သစ်များကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းနိုင်ရေး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့် အခြေအနေများ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### ဆွေးနွေး

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သဘောထားကြီးစွာဖြင့် နိုင်ငံရေးဆွေးနွေးမှုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နိုင်ရန် အမြော်အမြင်ကြီးစွာ ကမ်းလှမ်းခဲ့မှုအပေါ် NDAA (မိုင်းလား) အဖွဲ့မှ ဝမ်းမြောက်ကြိုဆိုသည့် အခြေအနေများ၊ NDAA (မိုင်းလား) အဖွဲ့အနေဖြင့် နိုင်ငံတော်မှ ခွဲမထွက်ဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို စွဲမြဲစွာ ထိန်းသိမ်းလိုက်နာလျက်ရှိသည့် အခြေအနေများနှင့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက် အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ NDAA(မိုင်းလား)အဖွဲ့မှ ဒေသထွက် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များ ပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**☆ လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာနိုင်မှသာလျှင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နေချိန်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ရပ်တန့်နေ၍မရဘဲ စဉ်ဆက်မပြတ် တိုးတက်မှုရှိအောင် ဆောင်ရွက်နေရမည်ဖြစ်သည့် အခြေအနေများ ရှင်းလင်းဆွေးနွေးပြောကြား**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ့အားကစားသမိုင်းတွင် သမိုင်းမှတ်တမ်းကောင်းများရေးထိုးနိုင်ခဲ့သည့် တပ်မတော်သားအားကစားသမားများ၏ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး မျိုးဆက်သစ်အားကစားသမားများကိုလည်း အစဉ်အလာကောင်းများ လက်ဆင့်ကမ်းနိုင်ရမည်

**နေပြည်တော် ဇွန် ၄**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများ တက်ရောက်ကြသည်။

## နိုင်ငံတော်နှင့် တပ်မတော်အတွက် စွမ်းစွမ်းတမံ ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများကို ထိုက်သင့်သည့် ချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝန်းလုံးကို ခြိမ်းခြောက်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အခြားသော အနှောင့်အယှက်အခက်အခဲမျိုးစုံကြားမှ တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်တွင် ပါဝင်သည့်**“အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်သည်”**ဟူသည့်အတိုင်း အမိနိုင်ငံတော်အတွက် မဆုတ်မနစ်သော ယုံကြည်ချက်၊ ခံယူချက်များနှင့် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသည့် စွမ်းဆောင်ချက်များအပေါ် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မြန်မာ့အားကစား အောင်မြင်မှုအခန်းကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက မိမိတို့ တပ်မတော်သားများ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက်များကို ပေါ်လွင်ထင်ရှားစွာ တွေ့ရမည်ပင်ဖြစ်ကြောင်း၊ ပြည်တွင်းမှသာမက နိုင်ငံတကာပြိုင်ပွဲများစွာတွင်လည်း အောင်မြင်မှုများစွာရရှိခဲ့သည့် သမိုင်းမှတ်တမ်းကောင်းများကို မော်ကွန်းရေးထိုးထားလျက်ရှိကြောင်း၊ တစ်ချိန်က မြန်မာ့ဘောလုံးအသင်း၏ လျှမ်းလျှမ်းတောက် အောင်မြင်မှုများတွင် မိမိတို့ တပ်မတော်သားများ၏ အစွမ်းအစများသည် ယနေ့ထက်တိုင် ပြောစမှတ်တွင်နေဆဲပင်ဖြစ်ကြောင်း၊ ဘောလုံးအားကစားတွင်သာမကဘဲ ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒို အစရှိသည့် အားကစားနည်းများတွင်လည်း ဆုတံဆိပ်များစွာနှင့်အတူ တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆောင်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် စွမ်းစွမ်းတမံ ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများကို ထိုက်သင့်သည့် ချီးမြှောက်မှုများလည်း ပြုလုပ်ပေးခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုဗီနမ်အားကစားနည်း(အသင်းလိုက်ပြိုင်ပွဲ)တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အရာခံဗိုလ်ဇော်ဇော်အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက ဂျူဒို/Kurash အားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်တင်မျိုးလွင်၏ ဇနီး မအေးအေးအောင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

## တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်(၉)ရပ်ကိုချမှတ်ထားပြီး လူမှုရေးကဏ္ဍတွင် **“တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”**ဟူသည့် အချက်ကို ပြဋ္ဌာန်းထားလျက်ရှိကြောင်း၊ ထုတ်ပြန်ထားသည့် ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံဆောင်ရွက်ပေးနေသကဲ့သို့ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပညာရေးလုပ်ငန်းများအတွက်လည်း ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇွန် ၂ ရက်တွင် အခြေခံပညာကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဇွန် ၃ ရက်အထိ ကျောင်းသား ကျောင်းသူ ခြောက်သန်းနီးပါး ကျောင်းတက် ပညာသင်ကြားနေကြပြီဖြစ်ကြောင်း။

**စာမျက်နှာ ၅ သို့ »»»**

»»» **စာမျက်နှာ ၄ မှ**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခြင်းသည် မျိုးဆက်သစ်အားကစားသမားများ ပေါ်ပေါက်စေခြင်းမှတစ်ဆင့် မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရေးအတွက်ပင် ဖြစ်သည်ကို သိရှိထားရန်လိုကြောင်း၊ တတိယ လေးလပတ်ကာလတွင် တပ်မတော်အားကစားပြိုင်ပွဲနှင့် စိန်ရတုလွတ်လပ်ရေးအကြို ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ပြုလုပ်သွားရန်ရှိကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ မျိုးချစ်စိတ်ကို ယင်းနိုင်ငံသားများ ပါဝင်ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲမှတစ်ဆင့် လေ့လာသိရှိနိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အချို့နိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အား မတောင့်တင်းကြပေမယ့်လည်း အားကစားအောင်မြင်မှုများကြောင့် အခြားသောနိုင်ငံများ၏ အသိအမှတ်ပြုနေရာပေးခြင်းကို ခံကြရကြောင်း၊ ထို့ကြောင့် မိမိတို့ယှဉ်ပြိုင်ကစားနေရသည့် အားကစား၏တန်ဖိုးကို သိရှိနားလည်ပြီး ရှိပြီးသားအောင်မြင်မှုများမှတစ်ဆင့် ပိုမိုတိုးတက်အောင်မြင်သည့်အဆင့်ရောက်အောင် အမျိုးသားရေးစိတ်ဓာတ်ခံယူချက်ကောင်းများနှင့် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

ထိုသို့လုပ်ဆောင်နိုင်ရေး တပ်ရင်း၊ တပ်ဖွဲ့ဌာနချုပ်အသီးသီးတွင် အားကစားကွင်းများ၊ အဆင့်မီအားကစားရုံများတည်ဆောက်ပေးပြီး လေ့ကျင့်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း၊ အထူးသဖြင့် မိမိတို့ တပ်မတော်၏သဘောသဘာဝနှင့် နီးစပ်သည့် ဘောလုံး၊ ဘော်လီဘောအားကစား၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ သေနတ်ပစ်၊ လက်ဝှေ့၊ သိုင်း၊ ပြေးခုန်ပစ်တွင် တာဝေး၊ တာလတ် အပြေး၊ လမ်းလျှောက်၊ ရေကူး၊ လှေလှော်အားကစားများတွင် ပိုမိုထူးချွန်အောင် ကြိုးစားဆောင်ရွက်ပြီး နိုင်ငံကိုယ်စားပြု လက်ရွေးစင်အားကစားသမားများအနေဖြင့် နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်သည်အထိ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**ရှိရင်းစွဲ အရည်အချင်းကောင်းများကို တိုးတက်အောင် ဆက်လက်ကြိုးစားရမည်ဖြစ်သကဲ့သို့ မျိုးဆက်သစ်အားကစားသမားများကိုလည်း အစဉ်အလာကောင်းများ လက်ဆင့်ကမ်းနိုင်ရမည်**

ယခု SEA Game ပြိုင်ပွဲသည် (၃၁)ကြိမ်မြောက်ဖြစ်ပြီး အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲအဖြစ်အစပြု၍ ပြုလုပ်ခဲ့သည့် ပြိုင်ပွဲအားလုံးတွင် မိမိတို့ တပ်မတော်သားများ ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည်မှာ များစွာရှိကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံအနေဖြင့် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ၆၂ ခု တို့ကို ရယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံတွင် မိမိတို့နိုင်ငံသည် အဆင့်(၇) ရရှိခဲ့ကြောင်း၊ မိမိတို့ တပ်မတော်သား အားကစားသမား ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ရှစ်ခု ဆုတံဆိပ်စုစုပေါင်း ၁၃ ခု ရယူပေးနိုင်ခဲ့ပြီး ဆုရရှိခဲ့သည့်အထဲတွင် ရဲမေတစ်ဦးပါဝင်ကြောင်း တွေ့ရှိရသည့်အတွက်လည်း များစွာပီတိဖြစ်မိပါကြောင်း၊ အထူးသဖြင့် ဘောလုံး၊ ဘော်လီဘော၊ သေနတ်ပစ်၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ လှေလှော် စသည့် အားကစားနည်းများအပါအဝင် အားကစားနည်းမျိုးစုံ၌



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂျူဒို/Kurash အားကစားနည်း (တစ်ဦးချင်းပြိုင်ပွဲ)တွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်သား စိုးမြင့်ထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

မိမိတို့တပ်မတော်သားများ၊ ရဲမေများသည် ဆုတံဆိပ်ပေါင်းများစွာ ရယူနိုင်ခဲ့ကြကြောင်း၊ မိမိတို့တပ်မတော်တွင် တပ်မတော်သားများ၏ ရဲစွမ်းသတ္တိများကို သာမက ပါရမီဖြည့်ဖက်များ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက်များကို အတိတ်သမိုင်းကနေ မျက်မှောက်ကာလအထိ တွေ့နေရဆဲဖြစ်ကြောင်း၊ ယနေ့တွင် ဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရသူများအနေဖြင့် မိမိတို့ရှိပြီးသား အရည်အချင်းများကို တိုးတက်အောင် အစဉ်ကြိုးပမ်းနေရမည်ဖြစ်သကဲ့သို့ နောင်လာမည့် မျိုးဆက်သစ်များကိုလည်း အားကျအတုယူဖွယ်ရာကောင်းသည့် အစဉ်အလာကောင်းများကို လက်ခံကျင့်သုံးလာနိုင်အောင် နည်းပေးလမ်းပြ ပြုလုပ်သွားကြရန် လိုအပ်မည်ဖြစ်ပြီး မှန်ကန်သည့် လက်ဆင့်ကမ်းအမွေကို ပေးခြင်းပင်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲများအပြင် မည်သည့်ရည်မှန်းချက်တာဝန်မျိုးကို ထမ်းဆောင်ရသည်ဖြစ်စေ တပ်မတော်၏အစဉ်အလာ(၁၂)ရပ်အတိုင်း ကြိုးစားပုံဖော်သွားကြရန်လိုကြောင်း၊ တပ်မတော်သားများ ပီပီ လှေ့ခွက်ချည်းကျန် အလံမလှဲဟူသည့် စိတ်မျိုးမွေးပြီး အမျိုးသားရေးစိတ်ဓာတ်ကောင်းများနှင့် နောင်လာမည့်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ **မျိုးဆက်သစ်များအတွက် စံနမူနာပြ တပ်မတော်သားများဖြစ်အောင် ကြိုးစားပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးစားသွားကြမည်ဖြစ်ကြောင်း**ဖြင့် တိုက်တွန်းမှာကြားသည်။

**ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးအားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်သိန်းသန်းဦး၊ ဗိုဗီနမ်အားကစားနည်း(အသင်းလိုက်ပြိုင်ပွဲ)တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အရာခံဗိုလ်ဇင်လင်းထွန်းနှင့် အရာခံဗိုလ်ဇော်ဇော် တို့ကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ဂျူဒို/Kurash အားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ် တင်မျိုးလွင်၏ ဇနီး မအေးအေးအောင်၊ သေနတ်ပစ်အားကစားနည်း(အသင်းလိုက်ပြိုင်ပွဲ)တွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ဗိုလ်ကြီး ဒေါ်ချစ်စိုးနွယ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သေနတ်ပစ်အားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)နှင့် (အသင်းလိုက်ပြိုင်ပွဲ)တို့တွင် ငွေတံဆိပ်ဆု နှစ်ခုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် ရဲထွန်းနောင်၊ ဗိုဗီနမ်အားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)တွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ကြီး ကျော်ကိုကို၊ ဂျူဒို/Kurash အားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)တွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်သား စိုးမြင့်ထွန်းတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက ဝူရှူးအားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)တွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်သား မျိုးမင်းထက်၊ ဗိုဗီနမ်အားကစားနည်း(တစ်ဦးချင်းပြိုင်ပွဲ)တွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်သား ဝေသူလွင်၊ ပိုက်ကျော်ခြင်းအားကစားနည်း(အသင်းလိုက်) ပြိုင်ပွဲ(၂)ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ် ကျော်ဇင်လတ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က ပိုက်ကျော်ခြင်းအားကစားနည်း(အသင်းလိုက်ပြိုင်ပွဲ)တွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်သား အောင်ရဲဇော်နှင့် တပ်သား အောင်သူမင်း၊ လှေလှော်အားကစားနည်း(အသင်းလိုက်ပြိုင်ပွဲ)(၂)ပွဲတွင် ကြေးတံဆိပ်ဆုနှစ်ခုရရှိခဲ့သည့် အရပ်သား အစားခန့်ဝန်ထမ်း ဦးဝင်းထိုက်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ဂျူဒို/Kurash အားကစားနည်း၌ ရွှေတံဆိပ်ဆုရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် ဗိုလ်ကြီး ဉာဏ်စိုး၊ ဝူရှူးအားကစားနည်း၌ ရွှေတံဆိပ်ဆုရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် ဒုတိယတပ်ကြပ် ထွန်းထွန်းဝင်း၊ လှေလှော်အားကစားနည်း၌ ကြေးတံဆိပ်ဆုရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် အရာခံဗိုလ် ဇော်လွင်ထွန်းတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူ**

ထို့နောက် ဆုရရှိသူ တပ်မတော်ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် မိမိတို့အားကစားသမားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ တပ်မတော်၏ ပံ့ပိုးအားပေးမှု၊ ပြည်သူများ၏ တစ်ခဲနက် အားပေးကူညီမှုများနှင့်အတူ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ထိုက်တန်စွာရရှိအောင် ကြိုးစားအားထုတ်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ **စာမျက်နှာ ၆ သို့** »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်က ပိုက်ကျော်ခြင်းအားကစားနည်း(အသင်းလိုက်) ပြိုင်ပွဲ(၂)ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ် ကျော်ဇင်လတ်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

☆ **အချို့နိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အား မတောင့်တင်းကြပေမယ့်လည်း အားကစားအောင်မြင်မှုများကြောင့် အခြားသောနိုင်ငံများ၏ အသိအမှတ်ပြုနေရာပေးခြင်းကို ခံကြရ**

☆ **မိမိတို့ယှဉ်ပြိုင်ကစားနေရသည့် အားကစား၏တန်ဖိုးကို သိရှိနားလည်ပြီး ရှိပြီးသားအောင်မြင်မှုများမှတစ်ဆင့် ပိုမိုတိုးတက်အောင်မြင်သည့်အဆင့်ရောက်အောင် အမျိုးသားရေးစိတ်ဓာတ် ခံယူချက်ကောင်းများနှင့် ဆက်လက်ကြိုးစားသွားကြရမည်**

»»» စာမျက်နှာ ၅ မှ

မိမိတို့ တပ်မတော်သား အားကစားသမားများကို နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ပေးမှုများ ပြုလုပ်ပေးခဲ့သည့်အပြင် တပ်မတော်အနေဖြင့်လည်း တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ပေးခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ဂုဏ်ပြုချီးမြှင့်ပေးခြင်းများ ပြုလုပ်ပေးခဲ့သည့်အတွက်လည်း အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများအားလုံး ကိုယ်စား အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နောင်ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံကို ကိုယ်စားပြုပြီး ယခုထက်ပိုမိုများပြားသည့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေး ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က ဂုဏ်ပြုတေးသီချင်းများနှင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်နှင့် တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဇွန် ၄

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော ပိုက်ကျော်ခြင်း အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရတနာသိဃ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်နှင့် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ အာရှပိုက်ကျော်ခြင်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းနည်းပြ၊ အုပ်ချုပ်သူများနှင့် အားကစားသမားမောင်/မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် ပိုက်ကျော်ခြင်း အားကစားသမားများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပိုက်ကျော်ခြင်းနည်းပြများ၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် ပိုက်ကျော်ခြင်းအားကစားသမားများ၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသည့် ပိုက်ကျော်ခြင်း အားကစားသမားများနှင့် ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်း အားကစားသမားများကိုလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာပိုက်ကျော်ခြင်း အမျိုးသားအားကစားသမား ၁၀ ဦး၊ အမျိုးသမီးအားကစားသမား ကိုးဦး၊ အုပ်ချုပ်သူ၊ နည်းပြ ငါးဦး စုစုပေါင်း ၂၄ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုနှင့် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခု ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၂/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇွန် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ) လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ် (၂/ ၂၀၂၂) အား (၁၃-၆-၂၀၂၂)ရက်နေ့မှ (၂၂-၇-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးကြေညာထားသည်။

- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်) အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး) အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်) ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ) အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား) အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၃၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ) ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်) အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း -၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ) မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်) အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်) အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉- ၂၀၂၄၀၀၉

သတင်းစဉ်

■

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့




**နေပြည်တော် ဇွန် ၄**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ပညာသင်ကြားနေကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက် ဌာန၊ အဖွဲ့အစည်း အသီးသီးရှိ ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)၌ ယနေ့ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အတူ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနအဖွဲ့အစည်းအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေးကြီးဆုံးဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော ဦးတည်ချက်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာစေရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပညာရေးအဆင့်အတန်း မြင့်မားလာစေရေးကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက အလေးထားကြိုးစားဆောင်ရွက်နေသည့်အတွက် မိမိတို့ရင်သွေးငယ်များကို ပညာထူးချွန်ပြီး နှလုံးရည်ပြည့်ဝသည့် လူတော်လူကောင်းများဖြစ်လာစေရန် ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ဝန်ထမ်းများ၏ မိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူ ၁၄၄၃၀ တို့အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းအောင်စာရင်း ထုတ်ပြန်ပြီးပါကလည်း ဝန်ထမ်းများ၏ ထူးချွန်စွာအောင်မြင်သည့် သားသမီးများကို ပညာရည်ချွန်ဆုချီးမြှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနရှိဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ ဇနီးကလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများကလည်းကောင်း အသီးသီး ပေးအပ်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသားမိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းမိသားစုများ၏ ရင်သွေးငယ် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူ ၁၄၄၃၀ တို့အတွက် ကျောင်းစိမ်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် ပန်းခင်းစီမံချက် ပြည်နယ်လုံးကျွတ် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မွန်ပြည်နယ် ပန်းခင်းစီမံချက် ပြည်နယ်လုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံသားကတ်သည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်ပြီး လူမှုဘဝဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ်အသုံးဝင်သည့် အထောက်အထားတစ်ခု ဖြစ်ပါကြောင်း၊ ယင်းကတ်ပြားကို ပြည်သူများရရှိကိုင်ဆောင်နိုင်စေရေးအတွက် ခေတ်အဆက်ဆက်ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရရှိသေးသူများရှိနေသေးပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံသားအားလုံး ၎င်းတို့၏နိုင်ငံသားဖြစ်မှု အရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးကို ဥပဒေနှင့်အညီ ကိုင်ဆောင်နိုင်စေရေးအတွက် မိမိတို့ဌာနမှ ပန်းခင်းစီမံချက်ဖြင့် နေရာဒေသအနှံ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပန်းခင်းစီမံချက်သည် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ သတ်မှတ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ရန် အရေးအတွက် လျာထားသတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက် စတင်ချိန်မှ ၁၂ လကြာ၊ တစ်နှစ်ပြည့်မြောက်ပြီးကာလအတွင်း ပဲခူး၊ ဧရာဝတီ၊ နေပြည်တော်၊ မန္တလေး၊ တနင်္သာရီ၊ မကွေးနှင့် ရခိုင်စသည့် တိုင်းဒေသကြီး/ပြည်နယ်ခုနစ်ခုတွင် တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး မွန်ပြည်နယ်သည် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၉၄၀၄၃ ကတ် ထုတ်ပေးရန်လျာထားရာ ယခုအထိ ၃၀၉၀၉၃ ကတ်၊ ၁၀၅ ဒသမ ၁၂ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ရှစ်ခုမြောက် ပြည်နယ်လုံးကျွတ် လျာထားချက် ပြီးမြောက်အောင်မြင်ခြင်းဖြစ်ကြောင်း။

**ပေါင်းစပ်ဆောင်ရွက်လျက်ရှိ**

မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် မိမိတို့ဌာန၏ မြို့နယ်ရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆/၆၆)နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) မှတ်တမ်းများရှိ အချက်အလက်များကို ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ အွန်လိုင်းဖြင့် နေပြည်တော်ရုံးချုပ်ရှိ Server သို့ ပေးပို့ဆောင်ရွက်သည့် လုပ်ငန်းကိုလည်း ဒေသအာဏာပိုင်များ၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်အနာဂတ်အတွက်အရေးကြီးသည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် ပြည်နယ်လုံးကျွတ် လျာထားချက် ပြီးစီးအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းခင်းစီမံချက်ကို ပြည်နယ်လုံးကျွတ် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများကို ပေးအပ်ပြီး ပန်းခင်းစီမံချက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် မွန်ပြည်နယ်မှဝန်ထမ်းများကို တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် မွန်ပြည်နယ်အတွင်း ခရိုင်နှင့်မြို့နယ်များ၏ ပန်းခင်းစီမံချက် လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး မွန်ပြည်နယ်ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြို့နယ်အသီးသီး၏ ပန်းခင်းစီမံချက်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ပန်းခင်းစီမံချက်ပြီးစီးမှု အထောက်အထားမှတ်တမ်းများနှင့် ဝန်ထမ်းများက နိုင်-၄ မှတ်တမ်းများကို ကွန်ပျူတာဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ရာခိုင်နှုန်းပြည့်မီကျော်လွန်**

မွန်ပြည်နယ်အတွင်း မော်လမြိုင်နှင့် သထုံစသည့် ခရိုင်နှစ်ခု၊ မြို့နယ် ၁၀ မြို့နယ်၊ ရပ်ကွက် ၁၀၆ ခု၊ ကျေးရွာအုပ်စု ၃၆၈ အုပ်စု၊ ကျေးရွာပေါင်း ၁၁၄၄ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၉၄၀၄၃ ကတ် ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခု ၃၀၉၀၉၃ ကတ်၊ ရာခိုင်နှုန်းအားဖြင့် ၁၀၅ ဒသမ ၁၂ ရာခိုင်နှုန်း ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့သည့်အတွက် ပြည်နယ်လုံးကျွတ်လျာထားချက် ရာခိုင်နှုန်းပြည့်မီကျော်လွန် ပြီးမြောက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ခန်းမရှိ ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံကာ ပန်းခင်းစီမံချက်နှင့်ဆက်စပ်၍ မဲစာရင်းမှန်ကန်စွာပြုစုနိုင်ရေးအတွက် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ ယင်းလုပ်ငန်းစဉ်နှင့်ဆက်စပ်၍ ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် e-ID စနစ်လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇွန် ၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံကြီးသားစိတ်ထား

ဗညားကျန်းထော

"Every man is his own historian."
လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကို ကိုယ်တိုင်ပဲ ရေးနေကြရတာဖြစ်ပါတယ်။

**(ဆိုရိုးစကား)**

(၁)

မျက်စိရှေ့မှောက်မှာပင် နိုင်ငံကြီး၊ နိုင်ငံငယ်များ တိုးတက်ဖွံ့ဖြိုးသွားကြသည်ကိုမြင်ရသည်။ သူတို့ခေါင်းဆောင်များက အမြော်အမြင်ကြီးကြသည်။ ပြည်သူများက ပူးပေါင်းပါဝင်ခဲ့ကြသည်။

မျက်စိရှေ့မှောက် နှစ်ပေါင်း ၂၀၊ ၃၀ ကာလလောက်တွင် အချို့နိုင်ငံများ လုံးချာလည်လိုက်နေကာ ဘာမှသိသိသာသာ တိုးတက်လာသည်ကို မတွေ့ရပေ။ သူတို့နိုင်ငံခေါင်းဆောင်များက အရည်အချင်းနည်းကြသည်။ ပြည်သူများကလည်း တိုင်းပြည်ကိုကောင်းအောင်ပါဝင်ဆောင်ရွက်လိုစိတ် နည်းကြပေသည်။

အရှေ့ကိုလျှောက်ကြသူများက နှေးသူဖြစ်စေ၊ မြန်သူဖြစ်စေ အရှေ့ကိုတော့ ရောက်သွားကြလေသည်။ အနောက်ကိုရွှေ့သူများကား ရှေးယခင်က ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ နောက်သို့သာ ရောက်သွားကြလေသည်။ ဩော်...မင်းနှင့်ပြည်သူလက်တွဲညီညာမှ ပြည်သာမည်ဖြစ်ကြောင်း သင်ခန်းစာများ အထင်အရှားတွေ့မြင်နေရပေသည်။


ဟောင်ကောင်သူဌေးကြီး လီကာရှင်း


မတ်ဇူကာဘတ်


အက်ပဲကွန်ပျူတာတည်ထောင်သူ စတိဗ်ပေါလ်ဂျော့ဘ်


အမေဇုန်ကုမ္ပဏီထူထောင်သူ ဂျက်ဖ်ဘေးဇော့

(၂)

နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းဆောင်ရည်ကအခြေခံကျကြောင်း တွေ့ရသည်။ ပြည်သူပြည်သားများက သူ့နေရာနှင့်သူ ခေတ်နှင့်အညီ တတ်မြောက်ကျွမ်းကျင်ကြပါက အိမ်ထောင်စုမိသားစုများ ချောင်လည်ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှုပညာ၊ စက်မှုပညာ၊ ကူးသန်းရောင်းဝယ်ရေး၊ ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းအမျိုးမျိုးမှာ အတတ်ပညာရှိမှ ထိရောက်သည်။

အခြေခံပညာကမူ ကလေးသူငယ်နှင့်လူငယ်များကို သာမန်စာဖတ်တတ်ရုံ အသိပညာဖြည့်ဆည်းနိုင်အောင် အခြေခံဗဟုသုတအသိအမြင် ပထဝီဝင်၊ သမိုင်းရာဇဝင်၊ သိပ္ပံ၊ သင်္ချာ၊ ပြည်သူ့နီတိ၊ မြန်မာစာ၊ အင်္ဂလိပ်စာတို့ကို ကျောင်းမှာ သင်ကြားပေးကြပါလိမ့်မည်။ မပြည့်စုံပါ။ ထမင်းအိုးတည်နိုင်လောက်သောဝင်ငွေကို ရအောင်လုပ်မပေးနိုင်ပါ။ စိုက်ပျိုးရေးအထက်တန်းကျောင်း၊ စက်မှုအထက်တန်းကျောင်း အနည်းငယ်သော အရေအတွက်မှအပ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့သည် အသက်မွေးဝမ်းကျောင်းပညာရပ် အတတ်ပညာတို့ကို သင်မပေးပါ။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံစသည်တို့ကသာ သက်ဆိုင်ရာပညာရပ်၊ ဘာသာရပ်အသီးသီးကို တတ်မြောက်ကျွမ်းကျင်အောင် ဒီပလိုမာ၊ ဘွဲ့၊ ဘွဲ့လွန် စသည့်ဒီဂရီများ ချီးမြှင့်ကြသည်။

ဘွဲ့လက်မှတ်ရသော်လည်း အသက်မွေးမှုအတွက် အာမခံချက်အတတ်ပညာကား ပြည့်စုံချင်မှပြည့်စုံပါလိမ့်မည်။ ဘယ်တက္ကသိုလ်မှ မတက်ခဲ့ရဖူးသော်လည်း ဘွဲ့မရဘဲ ချမ်းသာကြွယ်ဝနေကြသူ၊ စီးပွားရေးမှာ အောင်မြင်သူများ မြန်မာနိုင်ငံမှာလည်းရှိသည်။ ယူဒီဦးခင်မောင်ဝင်း၊ ကျောက်စိမ်းဘုရားဒကာ ဦးစိုးနိုင်၊ အောင်သမာဓိဦးအောင် စသည့် ပုဂ္ဂိုလ်မျိုးများ ရှိကြပေသည်။ ကမ္ဘာမှာလည်းရှိ၏။ ဟောင်ကောင်သူဌေးကြီး လီကာရှင်း၊ အမေရိကန်မှ မတ်ဇူကာဘတ်၊ အက်ပဲကွန်ပျူတာစတင်သူ စတိဗ်ပေါလ်ဂျော့ဘ်၊ အမေဇုန်ကုမ္ပဏီထူထောင်သူ ဂျက်ဖ်ဘေးဇော့ စသော အောင်မြင်ထင်ရှား သန်းကြွယ်သူဌေး၊ လုပ်ငန်းရှင်ကြီးများအကြောင်းကို ရှာဖွေဖတ်ရှုလေ့လာကြည့်သည်။ သူတို့ကိုယ်တိုင် ကိုယ်တွေ့ဘဝဖြတ်သန်းမှုအရ အကျပ်အတည်း၊ အခက်အခဲ၊ အလွဲအချော်၊ အတားအဆီးအမျိုးမျိုးတို့ကို ရင်ဆိုင်ကျော်လွှားရကြောင်း ဝန်ခံကြသည်။ အနှိမ်ခံရ၊အထင်သေးခံရ၊ လူရာသွင်းခြင်းမခံရ၊ ငယ်ရွယ်စဉ်စာတော်သော်လည်း အနည်းငယ်သာ အသိအမှတ်ပြုခံရပြီး ကြောင်တောင်တောင်၊ ငေါင်တောင်တောင်ကောင်ဟု ပတ်ဝန်းကျင်က ထင်မြင်ယူဆခြင်းကို ခံခဲ့ရပေသည်။ မိမိစိတ်အားထက်သန်သောအရာတွင်သာ အချိန်ပေးအရေးထားကာ အများစုနှင့် ရောရောနှောနှော မဆက်ဆံနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။

(၃)

အတန်းပညာ ကျောင်းပညာကို အရေးမကြီးဘူးဟု မပစ်ပယ်စေလိုပါ။ ကျောင်းသင်ပညာရေးသည် ၁၀၀ဖိုးပေးလာသည်ကို ၄၀ ဖိုးလောက်သင်ရခဲ့သည်ဆိုလျှင်ပင် သာမန်အဆင့်အတန်းဝင်သည်။ ဥပမာဆိုရလျှင် အမှတ် ၂၀ ရာခိုင်နှုန်းအောက်ရောက်နေလျှင်တော့ သင်ညံ့နေသည်ဟု မှတ်ယူကြပါလိမ့်မည်။ အမှတ် ၃၀ လောက်သာရခဲ့လျှင် သင်သည် ဤဘာသာရပ်တွင် ကြိုးစားရန် လိုအပ်နေသေးကြောင်း မှတ်ချက်ပြုခံရမည်။ မည်သို့ဆိုစေ ၄၀ ရာခိုင်နှုန်းအထက်မှာရှိနေအောင် စာသင်သူကျောင်းသားတစ်ယောက်အနေဖြင့် တာဝန်ကျေသင့်လှပေသည်။

ထွန်းပေါက်အောင်မြင်ကြီးပွားကြသူ သူဌေးများ၊ နိုင်ငံရေးသမားများ၊ အနုပညာဖန်တီးသူများ၊ တတ်မြောက်ကျွမ်းကျင်သူ ပညာရှင်ကြီးများအားလုံး(အားလုံး)မှာ တူညီနေခဲ့ကြသော အချက်တစ်ခုကိုမူ ထင်ထင်ရှားရှား စာဖတ်သူများ သတိထားမိကြပေလိမ့်မည်။ သူတို့အားလုံး စာကြမ်းပိုးအကြီးစားကြီးများ ဖြစ်ကြသည်။

အောင်မြင်သောပုဂ္ဂိုလ်မှန်သမျှ စာတော်တော်ဖတ်ကြသည်။ ထူးချွန်သူမှန်သမျှက စာဖတ်သောအကျင့်စွဲကြသည်။ ဆင်းရဲစဉ်ကလည်း စာများများဖတ်သည်။ အောင်မြင်လာစဉ်မှာလည်း စာအဆက်မပြတ်ဖတ်သည်။ ထိပ်ဆုံးရောက်အောင် ခေါင်းဆောင်သို့မဟုတ် သန်းကြွယ်သူဌေးလုပ်ငန်းရှင် ဖြစ်နေကြချိန်မှာလည်း စာကောင်းပေကောင်းများကို မလွတ်တမ်းရှာဖွေဖတ်ရှုနေကြပေသည်။

ပေါ်လွင်လှသော အကြောင်းအကျိုးကွင်းဆက်မှာ စာများများဖတ်ကြသူများသည် တော်ကြသည်။အရည်အချင်းမြင့်မားကြသည်။ ထူးခြားထူးချွန်ကြသည်။ နိုင်ငံအတွက်ဖြစ်စေ၊ သူနှစ်သက်ရာ ရွေးချယ်ခဲ့သော နယ်ပယ်တွင်ဖြစ်စေ စာဖတ်အားကောင်းကြသူများသည် အမြဲတစေ သွေးနေ သနေသောဓားကဲ့သို့ အစဉ်ထက်မြက်နေကြသည်။ ဝမ်းစာပြည့်ဝသဖြင့် သူတို့လက်နှင့်ထိသမျှ ရွှေဖြစ်ကြရသည်။ စွမ်းရည်မြင့်မားစွမ်းအားတောက်ပြောင်ကြလေသည်။ စာသင်ခန်းမှာ ဆရာသင်ပြနိုင်သည်မှာ ပဏာမမိတ်ဆက်၊ အရိပ်အမြွက်မျှသာဖြစ်၏။ ရှေ့ဆက်ကာ အရင်းအမြစ် အသိပညာအတတ်ပညာတို့ကို တိုးပွားအောင် ကြိုးစားလေ့လာဆည်းပူးရမည်မှာ မိမိကိုယ်တိုင်လုပ်ရမှာ။

(၄)

စာကြည့်တိုက်များသို့သွားရမည်။ စာအုပ်များကို ရှာဖွေပြီး ဖတ်ချင်သမျှ ငှားယူဖတ်ရှုကြည့်ရမည်။ ဝတ္ထုဖြစ်စေ၊ ကဗျာဖြစ်စေ၊ အတ္ထုပ္ပတ္တိဖြစ်စေ၊ ခရီးသွားမှတ်တမ်းဖြစ်စေ၊ ဟင်းချက်နည်း၊ အလှပြင်နည်း၊ သစ်ပင်ပြုစုနည်း၊ ကလေးကျန်းမာအောင်ပျိုးထောင်နည်း၊ စက်ချုပ်နည်း၊ အင်္ဂလိပ်စာရေးသားနည်း၊ ဂျပန်စကားပြောနည်း၊ မလေး(ဘဟာဆာမလေးရှား)ဖြင့် ပြောဆိုဆက်ဆံနည်း၊ ဘာကြည့်ချင်သလဲ၊ ဘာသိချင်သလဲ၊ ဘာတတ်ချင်သလဲ၊ ဘာသင်ချင်သလဲ။ စာအုပ်များထဲတွင် အစုံရှိသည်။ စာအုပ်ထဲတွင် အကုန်ရှိနေသည်။ မိမိကအားထုတ်မှုပြုကာ ဆည်းပူးလေ့လာသင်ယူပါက သူများထက်စီးပွားတက်အောင် လုပ်ဆောင်နိုင်မည်။ လူမှုရေးကောင်းမွန်အောင် ဆက်ဆံနိုင်မည်။ ပတ်ဝန်းကျင်ကို သာယာလှပအောင်ဖြစ်စေ၊ တိုးတက်ဖွံ့ဖြိုးအောင်ဖြစ်စေ ပါဝင်ကူညီနိုင်ပေမည်။

လူတိုင်းလူတိုင်း ပြည်သူတိုင်းက နေ့စဉ်နေ့စဉ်သောက်ရေအိုးက ရေသောက်ဖြည့်တင်းနေကြသကဲ့သို့ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းဖြင့် မိမိဘဝကို ပိုမိုလှပသန့်မာကြံ့ခိုင်အောင် ဆောင်ရွက်ကြပါလျှင် မိမိတို့နေထိုင်ရာ ရပ်ရွာရပ်ကွက်သာမက မြို့၊ ခရိုင်၊ ပြည်နယ်၊ နိုင်ငံ၊ ကမ္ဘာသူ ကမ္ဘာသားများအတွက်ပင် ပိုမိုတိုးတက်စည်ပင်သော ကမ္ဘာလောကဖြစ်အောင် ပါဝင်ထူထောင်နိုင်ကြမည်ဖြစ်၏။ **စာမျက်နှာ ၉ သို့** ❂

- ❑ **အောင်မြင်သောပုဂ္ဂိုလ်မှန်သမျှ စာတော်တော်ဖတ်ကြသည်။ ထူးချွန်သူမှန်သမျှက စာဖတ်သောအကျင့်စွဲကြသည်။ ဆင်းရဲစဉ်ကလည်း စာများများဖတ်သည်။ အောင်မြင်လာစဉ်မှာလည်း စာအဆက်မပြတ်ဖတ်သည်**
- ❑ **လူတိုင်းလူတိုင်း ပြည်သူတိုင်းက နေ့စဉ်နေ့စဉ်သောက်ရေအိုးက ရေသောက်ဖြည့်တင်းနေကြသကဲ့သို့ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းဖြင့် မိမိဘဝကို ပိုမိုလှပသန့်မာကြံ့ခိုင်အောင် ဆောင်ရွက်ကြပါလျှင် မိမိတို့နေထိုင်ရာ ရပ်ရွာရပ်ကွက်သာမက မြို့၊ ခရိုင်၊ ပြည်နယ်၊ နိုင်ငံ၊ ကမ္ဘာသူ ကမ္ဘာသားများအတွက်ပင် ပိုမိုတိုးတက်စည်ပင်သော ကမ္ဘာလောကဖြစ်အောင် ပါဝင်ထူထောင်နိုင်ကြမည်**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်တိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၃၁-၅-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ ၂၄၈၂ ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၇-၆-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

## ကျောင်းသား ကျောင်းသူဦးရေ ရာနှုန်းပြည့် ကျောင်းအပ်လက်ခံ သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဇွန် ၄**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်တွင် တက်ရောက်ပညာသင်ယူကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အခမ်းအနားကို "စိမ်းလန်းဝေစည် ကျောင်းတော်ဆီ" သီချင်းဖြင့် ကျောင်းသား ကျောင်းသူများက သီဆိုဖွင့်လှစ်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍနှင့် စပ်လျဉ်းပြီး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို အားပေးလုပ်ဆောင်လျက်ရှိကာ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာရေးကိုလည်း အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကိုဗစ်-၁၉ ကပ်ရောဂါဖြတ်ကျော်ကာလအတွင်း လယ်ယာသားငါးကဏ္ဍမှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု GDP တန်ဖိုး ၂၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်တန်ဖိုး၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အဆိုပါ အောင်မြင်မှုများအပါအဝင် တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ အခြေအနေများ မြင့်တက်လာစေရန် မြေပြုပြင်စိုက်ပျိုးသည်မှ ဈေးကွက်သို့ တင်ပို့ရောင်းချပြီး စားသုံးသူလက်ရောက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်နေကြသော စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့ရများ၏ စုပေါင်းစွမ်းအားများ အဓိကပါဝင်ခဲ့ရာ တက္ကသိုလ်နှစ်ခု၏ကဏ္ဍမှာ များစွာအရေးပါသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

တက္ကသိုလ်များအနေဖြင့် ရေဆင်းဒေသတွင် ဆည်တမံများ၊ စိုက်ကွင်းများ၊ သုတေသနဌာနများနှင့် နီးကပ်စွာ အတူယှဉ်တွဲတည်ရှိနေသည့်အတွက် စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားသင်ယူရန် ပြည့်စုံသော ပညာရေးဝန်းကျင်ကောင်းတစ်ခုအဖြစ် တည်ရှိနေကြောင်း၊ စာသင်ဆောင်၊ အိပ်ဆောင်များနှင့် တက္ကသိုလ်ပရိဝုဏ်တွင် ဝိုင်ဖိုင် အပြည့်အဝအသုံးပြုနိုင်ရေးနှင့် ပညာရေးကွန်ရက်များ၊ စာကြည့်တိုက်ကွန်ရက်များ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားပြီးဖြစ်၍ ဆက်သွယ်ရေးနည်းပညာကို အကျိုးရှိစွာ အသုံးချ၍ နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်နှင့် အချိန်ကိုစနစ်တကျစီမံခန့်ခွဲနေထိုင်တတ်သည့် အလေ့အထကောင်းများ လေ့ကျင့်ပျိုးထောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ချမ်းသာပျော်ရွှင်စွာ နေထိုင်ရေး၊ အများအကျိုးလိုလားစွာ ဆောင်ရွက်လိုသူများဖြစ်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုဖြစ်စေရေး၊ ပညာရေးကို အာရုံစိုက်လေ့လာကြပြီး မိမိတို့ကျောင်း၏ဂုဏ်ကို ဆောင်နိုင်သူများဖြစ်စေရေး ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထောက်ပံ့သည့် အားကစားပစ္စည်းများနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြပြီး ကျောင်းသူတစ်ဦးနှင့် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများ၏ တေးသရုပ်ဖော်တင်ဆက်မှုကို အားပေးကြည့်ရှုပြီး ပထမနှစ် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပထမနှစ်ကျောင်းသား ၁၆၇ ဦး၊ ကျောင်းသူ ၂၅၁ ဦး၊ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရ ဦးစီးဌာနအသီးသီးမှ လုပ်ငန်းခွင်ထူးချွန် ၃၀၊ ကျောင်းအလိုက်ထူးချွန်ဒီပလိုမာလက်မှတ်ရ ၈၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူအသစ် ၅၃၁ ဦး ပညာသင်ယူလျက်ရှိကြောင်း၊ အလားတူ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် ပထမနှစ် ဆေးပညာသင်တန်း ကျောင်းသား ၃၈ ဦး၊ ကျောင်းသူ ၇၅ ဦး၊ ပထမနှစ်မွေးမြူရေးပညာသင်တန်း ကျောင်းသား ၂၆ ဦး၊ ကျောင်းသူ ၄၃ ဦး စုစုပေါင်း ပထမနှစ် သင်တန်းသား ၁၈၂ ဦး ပညာသင်ယူလျက်ရှိကြောင်း၊ တက္ကသိုလ်နှစ်ရပ်၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၁၃ ဦး တက်ရောက်ပညာသင်ယူလျက်ရှိသဖြင့် ရာနှုန်းပြည့် ကျောင်းအပ်လက်ခံ သင်ကြားပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၈ မှ

(၅)

ပြုသူကပြု၊ ဖျက်သူကဖျက်။ လုပ်သူကလုပ်၊ဘေးထိုင်ဘုပြောသူကပြော။ မညီမညွတ်ဖရိုဖရဲဖြစ်ချင်ရာဖြစ်၊ လုပ်ချင်ရာလုပ်နေကြသူ တချို့၏ မူရင်းအဓိကလက်သည်တရားခံသည် လမ်းကြောင်းအမှန်နှင့် ဖြစ်ရပ်ဖြစ်စဉ်အမှန်တရားကို မမြင်ခြင်း။

အဝိဇ္ဇာမှောင်အတိကျကာ Delusion အမှားကို အမှန်ထင်၊ Illusion အရှိတရားကိုမမြင်။ အယူအဆ အထင်အမြင်သဘောထားလွဲချော်နေကြခြင်းက အရင်းမူလတရားပေတည်း။

လူဆိုသည်ကား မှားတတ်သည်။

သူသူငါငါ အမှန်တည့်တည့်ကို အလွယ်တကူမမြင်။ အပြစ်တင်စရာ မဟုတ်။ အသွားတစ်တိုင်သွားသူကို ဆွဲခေါ်လျှင် အပြန်တစ်တိုင် (နှစ်မိုင်)လာရမည်ပင်။

ရှေးလူကြီးများက အသွားတစ်တိုင်၊ အပြန်တစ်တိုင် ဟူသောသဘောကို ခရီးလမ်းအကွာအဝေးသဘောသာမက ရှုံးသွပ်သူကို ကုသရာတွင်လည်း တစ်ပတ်ကြာရှုံးသွပ်သူကို တစ်ပတ်ကုလျှင် ပျောက်လွယ်သော်လည်း တစ်လကြာမျှရှုံးနေသူကို တစ်လကြာလောက် ဆေးဝါး၊ ဓာတ်စာ စသဖြင့် အချိန်ယူကာ ကုသပျောက်ကင်းစေရခြင်းသဘော။

အတွေးအမြင် အယူအဆလွဲချော်ခဲ့ရသူတချို့ကိုလည်း အမှန်သိသူ၊ပကတိအရှိတရားကိုနားလည်သူ၊ဖြစ်နေပျက်နေသောအခြေအနေအမှန်တရားကိုမြင်နေကြသော ပြည်သူအများထုကြီးက ဝိုင်းဝန်းဖေးမ အမှန်မြင်အောင် မှန်ထောင်ပြသကဲ့သို့ သိမြင်စေရန် စာဖတ်ကြအောင် တိုက်တွန်းပါ။ ဘာသာရေးအဆုံးအမ၊ တရားတော်များ၏ လမ်းမှန်ညွှန်ပြ၊ လောကီလောကုတ္တရာ လက်တွေ့ကောင်းကျိုးရစေမည့် သဘောတရား၊ အသိဉာဏ်ရစေမည့် စာကောင်း ပေကောင်းများနှင့် ထိတွေ့ရင်းနှီးအောင် ဆွဲဆောင်စည်းရုံးကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စိတ်ရှည်သည်းခံဖွဲ့သန်သန်ဖြင့် လွဲချော်ခဲ့သူများကိုပင် သဘောထားကြီးစွာ ဖြူစင်သောမေတ္တာ စေတနာအရင်းခံဖြင့် လက်တွဲရန် ကမ်းလှမ်းဖိတ်ခေါ်နေသည်ကို ကြည့်ပါလေ။ စိတ်ရှည်ရှည်ထား၍ လက်တွဲခေါ်ကြရပေမည်။ ခရီးကရှည်သေးသည်။ သွားကြရမည့် ရှေ့ခရီးသည် နောင်လာနောက်သား ကောင်းစားစေရေးအတွက် မြော်ရည်လျက် တိုးတက်အောင်မြင် စည်ပင်သာယာသော ပြည်ထောင်စုကြီးဖြစ်အောင် ထောင့်စုံဘက်စုံက လက်တွဲညီညာပါဝင်ထူထောင်တည်ဆောက်ကြရမည့် (အောင်အတိတ် အောင်နိမိတ်ပြည့်စုံလှသော မင်္ဂလာအချိန်) ကာလမဟုတ်ပါလား။

(၆)

"ဘဝဆိုတာ ခရီးတစ်ခုပဲ။ ပန်းတိုင်တစ်ခု မဟုတ်။ တိုးတက်ကြီးပွားလိုစိတ် ရည်မှန်းချက်မရှိဘဲ ဘာမှစလို့မရပါဘူး။ စိတ်အားထက်သန်တဲ့ အားထုတ်လုပ်ဆောင်မှုရှိမှသာ ကြီးမားသော အောင်မြင်မှု အောင်ပွဲတွေက ရရှိလာမှာဖြစ်ပါတယ်။"

**ရာ့ဖ်ဝါလ်ဒိုအယ်မာဆင်(၁၈၀၃-၁၈၈၂)**
**အမေရိကန်ကဗျာဆရာ စာရေးဆရာ**

ဆရာ ဆရာမများရော၊ ကျောင်းသား ကျောင်းသူများရော၊ ကလေး၊ လူငယ်၊ လူကြီး၊ မြို့ရောတောပါ တလုံးတစည်းတည်း (မိသားစု တစ်အိုးတစ်အိမ်ပမာ) အောက်ပါခံယူချက်အမြင်မှာ တူညီစုစည်းရပေမည်။ (Unity of Attitude)ဤသည်မှာ **နိုင်ငံကြီးသား စိတ်ထားပင်ဖြစ်ပေသည်-**

**၁။ အမုန်းဖယ်ရှား မေတ္တာစိတ်သာ ပွားကြမည်။**
**၂။ စည်းလုံးညီညာ သာယာအောင်ကြိုးစားမည်။**
**၃။ ဖြစ်အောင်လုပ်မည်။**
**၄။ အဆက်မပြတ်(မရမချင်း) ထပ်ခါထပ်ခါ အောင်မြင်သည်ထိ လုပ်ဆောင်နေမည်။**
**၅။ လုပ်သင့်သည်ကို မဖြစ်မနေလုပ်မည်။**
**၆။ အလုပ်ကို အလေးထားကာ လေးစားစွာလုပ်ကြမည်။ (မလုပ်သင့်သည်ကို မလုပ် မိအောင် ရှောင်ကြဉ်မည်)**

မိမိတို့နိုင်ငံသည် ၂၁ ရာစု အချိန်ကာလ၏ သမ္ပတ္တိတရားနှင့် အဘက်ဘက်က ပြည့်စုံဆိုက်ရောက်လာသော **"အာရှခေတ်သစ်"** ကမ္ဘာ့အခြေအနေမှာ နောက်ကျကျန်ရစ်မနေရလေအောင် ပြည်သူပြည်သားအားလုံးက တစ်ယောက်မကျန် နိုင်ငံကြီးသား စိတ်ထားပြည့်စုံကြပါစေ။ သုဝဏ္ဏသာမ မြားဆိပ်ပြယ်သော၊ မိဘနှစ်ပါး မျက်စိနှစ်ကွင်း အလင်းရကာ သားရွှေအိုးထမ်းလာသည်ကို မြင်ရသောအဖြစ်သို့ ဤသစ္စာစကားဖြင့် မေတ္တာပါးလိုက်ပါသည်။ ။

■

# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



၂၄-၅-၂၀၂၂ ရက်နေ့တွင် သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာအနီး သင်ရိုးသစ်ပုံနှိပ်စာအုပ်များအား PDF အကြမ်းဖက်အဖွဲ့များမှ မီးရှို့ဖျက်ဆီးခြင်း

**(ယမန်နေ့မှအဆက်)**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၆(က၊ ခ)တွင် **"နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်"**၊ **"ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်"**ဟု ပါရှိကြောင်း၊ နိုင်ငံတော်အပိုင်းက ကလေးများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရအောင် ဆောင်ရွက်ထားကြောင်း၊ ကျောင်းသားတစ်ဦးတွင် ပြဋ္ဌာန်းစာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောလ်ပင်တို့ကို အခမဲ့ပေးအပ်လျက်ရှိကြောင်း၊ မူလတန်းကလေးငယ်များကို ကျောင်းဝတ်စုံပါ အခမဲ့ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယနေ့ကျောင်းသားလူငယ်များကို ပညာတတ်မြောက်စေပြီး အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ ဖြစ်စေလိုကြောင်း၊ ၎င်းတို့၏ရပိုင်ခွင့်ဖြစ်သည့် ပညာသင်ယူမှုကို မည်သူ့ကြောင့်မျှ မဆုံးရှုံးစေလိုကြောင်း၊ ပညာသင်ကြားခြင်းသည် အစိုးရဆိုသည်ထက် ကျောင်းသားမိဘများ ကိုယ်တိုင်နှင့် သက်ဆိုင်ကြောင်း၊ ပညာမသင်ကြားပါက ကျောင်းသားများ ကိုယ်တိုင်နစ်နာမှုရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း နစ်နာကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများဖွင့်လှစ်ခြင်းသည် အစိုးရအတွက် မဟုတ်ပါကြောင်း၊ ယင်းကို အကြမ်းဖက်အဖွဲ့များက နည်းလမ်းပေါင်းစုံနှင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြောင်း၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအပေါ် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ စာသင်ကျောင်းများ မီးရှို့ခြင်း၊ ကန့်ကွက်စာများ ရေးသားခြင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ဖြန့်ဝေမှုအပေါ်တွင် တားဆီးနှောင့်ယှက်ခြင်း၊ ငွေကြေးတောင်းခံခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်ခဲ့ကြောင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ဖြန့်ဝေရာတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အကြမ်းဖက်အဖွဲ့များက ကျောင်းသုံးဖတ်စာအုပ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ယူဆောင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ထိုဖြစ်စဉ်ပေါင်း ၂၄ ကြိမ်ပြုလုပ်ခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ကာလတန်ဖိုး ၅၉၄ သိန်းကျော် ဆုံးရှုံးခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အသုံးပြုရန်အတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို အကြမ်းဖက်သမားများအနေဖြင့် မေ ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အနီးတွင် ကျောင်းသုံးပုံနှိပ်စာအုပ်များ သယ်ဆောင်လာသည့် ၁၂ ဘီးယာဉ် နှစ်စီးအပေါ်မှ ဆာလာအိတ် ၄၈ အိတ်ကို လမ်းဘေးချ၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ယုတ်မာရိုင်းစိုင်း အောက်တန်းကျသည့် လုပ်ရပ်ဖြစ်ကြောင်း၊ မီးရှို့ဖျက်ဆီးနေသည့်ပုံများကို မိမိတို့နိုင်ငံအပေါ် အမြဲတမ်းစွပ်စွဲနေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများကို မမြင်ဘူးလားဟု မေးလိုကြောင်း၊ အကုန်မြင်ကြောင်း၊ မမြင်ချင်ယောင်ဆောင်နေခြင်းသာဖြစ်ကြောင်း၊ တိုင်းပြည်၏ အနာဂတ်ကို ဖျက်ဆီးနေခြင်းဖြစ်ကြောင်း။

**ပုံနှိပ်စာအုပ် ၄၇၀၀**

ထို့အပြင် မေ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပညာရေးမှူးရုံးက ဖောင်းပြင်မြို့နယ် ပညာရေးမှူးရုံးကို ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များပါဝင်သည့် ပီနံအိတ်နှင့် စက္ကူဂျုပ်ဖာတို့အား မော်လိုက်-ဖောင်းပြင် ကုန်တင်ရေယာဉ်နှင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းရေယာဉ်ကို မော်လိုက်မြို့နယ် ယုဝကျေးရွာအနီးတွင် အကြမ်းဖက်အဖွဲ့များက ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၀၀၀၊ Grade-11 သင်ရိုးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိ ပုံနှိပ်စာအုပ် ၂၅၀၀ အပါအဝင် စုစုပေါင်းပုံနှိပ်စာအုပ် ၄၇၀၀ ကို လုယက်ယူဆောင်ပြီး ရေယာဉ်ကို ဆက်လက်ထွက်ခွာသွားစေခဲ့ကြောင်း၊ မြေပြင်တွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များဖြစ်ကြောင်း၊ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း မော်လိုက်၊ ခန္တီးဒေသကိုပို့ရမည့် ပုံနှိပ်စာအုပ်များပါသည့် စက်လှေကို PDF များက ဖမ်းဆီးမီးရှို့ရန် လုပ်ဆောင်ကြောင်း၊ တာဝန်ခံကငွေ ၁၀ သိန်းပေးမှသာ ပြန်လွှတ်ပေးခဲ့သည့် ဖြစ်စဉ်လည်းရှိကြောင်း၊ ပညာရေးနှင့် ပတ်သက်ပြီး ကျောင်းသုံးစာအုပ်များကို မိမိတို့ပို့ကြောင်း၊ ကျောင်းသုံးစာအုပ်နှင့် ပတ်သက်ပြီး အခွန်ကောက်ကြောင်း၊ ယင်းပြေစာဖြတ်ပိုင်းကို ကြည့်စေလိုကြောင်း၊ ပြေစာဖြတ်ပိုင်းကို ဘုတ်တွင် ကပ်ထားကြောင်း၊ နာမည်ထုတ်မပြောလိုကြောင်း၊ မည်သည့်အဖွဲ့အစည်းက မည်သို့လုပ်သည်ကို မျက်မြင်သက်သေဖြစ်ကြောင်း။

ကျောင်းဖွင့်ရန် ပြင်ဆင်ချိန်ကာလဖြစ်သည့် မေ ၁၁ ရက် ည ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တုန်းပေါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မီးရှို့ဖျက်ဆီးခံရမှု၊ မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ထားဝယ်မြို့ အမှတ်( ၃ )အခြေခံပညာအထက်တန်းကျောင်း လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု၊ မေ ၂၉ ရက် နံနက် ၁ နာရီတွင် ကလေးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း မီးရှို့ခံရမှုဖြစ်ပြီး ကျောင်းဆောင်အားလုံး မည်သို့မျှ သုံးစွဲမှုမရသည့်ပုံကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မေ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့ မြို့နယ်ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမတွင် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမများ ပညာရေးအစည်းအဝေးပြုလုပ်နေစဉ် ရီမုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲမှုကြောင့် လက်ထောက်မြို့နယ် ပညာရေးမှူးအပါအဝင် ကျောင်းအုပ်ဆရာ ဆရာမ၊ အရပ်သားဝန်ထမ်း ခုနစ်ဦး ထိခိုက်ဒဏ်ရာရကာ တစ်ဦးသေဆုံးခဲ့သည့် ဖြစ်စဉ်များဖြစ်ခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသေဆုံးခဲ့သည့် ပညာရေးဝန်ထမ်းနှင့်ပတ်သက်ပြီး မိမိတို့အစိုးရအနေဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းရကြောင်း၊ ထိရောက်သည့် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**သားသမီးများအနာဂတ်**

ထို့နောက် နောင်ချိုတွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင်ရှိသည့် အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ထားကြောင်း၊ မည်မျှအထိ ယုတ်မာရိုင်းစိုင်းသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်ကို လက်ညှိုးထိုးနေသည့် နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများအနေဖြင့် မည်သည့်အသံမျှထွက်မလာကြောင်း၊ နိုင်ငံတကာမှ ထောက်ပံ့နေသည့် ငွေများ၊ အလှူခံရရှိခဲ့သည့်ငွေများသည် မိမိမေးလိုသည်မှာ ဆရာ ဆရာမများကို သတ်ရန်အတွက်လား။ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ဖြစ်သည့် ပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းသား ကျောင်းသူများ၏ပညာရေးကို အညွန့်ချိုးရန်အတွက်လား။ မိမိတို့တစ်နိုင်ငံလုံး ပညာမတတ်ဘဲ အခြားသူများ၏ အမြဲခိုင်းဖတ်ဖြစ်စေလိုခြင်းကြောင့် ပံ့သွင်းနေသလားဟု စဉ်စားရမည်ဖြစ်ကြောင်း၊ ယင်းတို့ထောက်ပံ့နေသည့် ငွေကြေးအထောက်အပံ့များသည် မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် ကျောင်းသားများ ကျောင်းသူများ၊ ဆရာဆရာမများ၊ ပြည်သူလူထု၏အနာဂတ်ကို ဖျက်ဆီးနေသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းများ၊ ထောက်ပံ့နေသည့်နိုင်ငံများ၊ ထောက်ပံ့နေသည့်လူများသိစေရန် ယခုသတင်းစာရှင်းလင်းပွဲတွင် မိမိပြောကြားလိုကြောင်း၊ ယခုပြောကြားချက်များကို ယနေ့ တက်ရောက်လာသည့် မီဒီယာများက ပြန်လည်ပြီး လက်ဆင့်ကမ်းပေးစေလိုကြောင်း၊ မိမိတို့အစိုးရအတွက် လုပ်နေခြင်းမဟုတ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လုပ်နေခြင်းဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသားများအတွက် လုပ်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် ဖြစ်ကြောင်း၊ အစိုးရ၏အနာဂတ် မဟုတ်ပါကြောင်း၊ မီဒီယာတို့၏သားသမီးများ အနာဂတ်၊ မိမိတို့သားသမီးများ၏ အနာဂတ်၊ ပြည်သူလူထုတစ်ရပ်လုံး၏ သားသမီးများအနာဂတ်ဖြစ်သဖြင့် မိမိမေတ္တာရပ်ခံလိုကြောင်း။

ဆက်လက်၍ နောင်ချိုကိစ္စနှင့် ပတ်သက်၍ ဆက်စပ်မှုတစ်ခု မိမိပြောလိုကြောင်း၊ သတိပြုမိသည်မှာ ရွေးကောက်ပွဲပြီးစဉ်အခါက ထိုနေရာတွင်ရှိသည့် NLD လွှတ်တော်အမတ်တစ်ဦး အသတ်ခံရကြောင်း၊ နောင်ချိုသည် UEC ၏ မဲဆန္ဒနယ်အရ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)တွင် ပါဝင်ကြောင်း၊ ကျောက်မဲခရိုင်နှင့် မိုးမိတ်ခရိုင်ပါဝင်ပါကြောင်း၊ ကျောက်မဲခရိုင်တွင် ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ နောင်ချို ပါဝင်ပါကြောင်း၊ SNLD ပါတီကအားကောင်းသည့်နေရာဖြစ်ကြောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီက မဲရုံတွင်ရေတွက်ပြီး ရရှိခဲ့သည့် မဲပေါင်း ၉၉၃၁၁ မဲဖြစ်ပြီး NLD ပါတီက ရရှိသည်မှာ ၉၁၄၂၃ မဲဖြစ်ပါကြောင်း၊ မဲရုံတွင်ရရှိခဲ့သည့် မဲပေါင်း ၈၀၀၀ ကျော်ကို SNLD လွှတ်တော်အမတ်က နိုင်နေပြီးဖြစ်ကြောင်း၊ သို့သော် မဲရုံပိတ်ခါနီးတွင် ကြိုတင်မဲများရောက်လာပြီး ထိုအချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရရှိခဲ့သည့် မဲပေါင်း ၁၈၀၆၈ မဲဖြစ်ကြောင်း၊ ကြိုတင်မဲတွင် SNLD ပါတီကရသည့်မဲသည် ၁၀၁၂၆ မဲဖြစ်ပြီး NLD ပါတီက ၄၄ မဲအသာဖြင့် လွှတ်တော်အမတ်ဖြစ်သွားခဲ့ကြောင်း။

**မဲမသမာမှု**

နိုဝင်ဘာလတွင် NLD ပါတီက လွှတ်တော်အမတ် ဦးထိုက်ဇော် အသတ်ခံလိုက်ရကြောင်း၊ ထိုအချိန်က SNLD ပါတီက ကြိုတင်မဲများကို ကန့်ကွက်ခဲ့ကြောင်း၊ ကျောက်မဲခရိုင် UEC က ၎င်းတို့နှင့် မဆိုင်ကြောင်း၊ မေးလိုပါက မိုးမိတ်ကို SNLD ပါတီက ကိုယ်တိုင်သွားမေးဟု ပြောခဲ့ပါကြောင်း၊ မိမိပြောလိုသည်မှာ ထိုနယ်တစ်နယ်လုံးတွင် အဓိကထိုကိစ္စများဖြစ်ပေါ်ရန် လှုံ့ဆော်ပေးသည့်သူရှိကြောင်း၊ မဲမသမာမှုဖြစ်စေရန် ဦးဆောင်လှုံ့ဆော်သူရှိကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါက NLD ပါတီကဖြစ်ကြောင်း၊ ယခုအခါ ၎င်းကိုယ်တိုင်မရှိကြောင်း၊ ပြည်ပထွက်ခွာ တောခိုသည့်အထဲတွင် ပါသွားပြီဖြစ်ကြောင်း၊ ထိုသို့ဖြစ်ခဲ့သည့် နယ်မြေဖြစ်ကြောင်း၊ ယခုအချိန်တွင်လည်း ထပ်မံဖြစ်ပွားခြင်းဖြစ်ကြောင်း၊ နောင်ချိုမြို့ ဗုံးပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ခဲ့သည့် အဖြစ်အပျက်သည် မိမိပြောသည့်လူ၏ လက်ချက်မကင်းဟု သံသယဖြစ်ဖွယ်ဖြစ်ကြောင်း၊ ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ၂၀၂၂ ခုနှစ် မေ ၁၇ ရက်မှ မေ ၂၆ ရက်အထိ ကျောင်းမီးရှို့ဖျက်ဆီးခံရမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ဗုံးဖောက်ခွဲခံရမှု တစ်ကြိမ် ရှိခဲ့ကြောင်း၊ ယခင်စာရင်းများဖြင့် တွက်မည်ဆိုပါက အကြမ်းဖက်မှုများကြောင့် သေဆုံးသူ ၄၀၊ ဒဏ်ရာရရှိသူ ၁၄ ဦး၊ ပျောက်ဆုံးခဲ့သူ ၁၁ ဦး စုစုပေါင်း ၆၅ ဦးအထိရှိခဲ့ကြောင်း၊

**စာမျက်နှာ ၁၁ သို့** ○

❍ စာမျက်နှာ ၁၀ မှ
အကြမ်းဖက်သမားများအနေဖြင့် ယင်းကိစ္စများ လုပ်ဆောင်နေခြင်းသည် ကျောင်းသား ကျောင်းသူများ ၎င်းတို့ကဲ့သို့ လမ်းမှားပေါ် ရောက်အောင် တွန်းပို့နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် အားပေးအားမြှောက်လုပ်နေသည့်အဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ကလေးများ အနာဂတ်ကို ပြန်ကြည့်ရန်လိုကြောင်း မိမိအနေဖြင့် ပြောလိုကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ကျောင်းသား ကျောင်းသူအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံမှုရှိစေရေးအတွက်လည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် သင်ရိုးသစ်ဖြင့် သင်ကြားပေးမည့်အတန်းများ အနေဖြင့် Grade-5၊ Grade-8၊ Grade-11 တို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရေး မိမိတို့တိုင်းပြည်၏ အနာဂတ်လူငယ်လူရွယ်များ ပညာတတ်မြောက်စေရေး မိမိတို့အစိုးရအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်မည်ဖြစ်ပြီး တာဝန်ရှိသူများ၊ ပြည်သူလူထုအားလုံး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ရွေးကောက်ပွဲစက်ဝန်း**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယခုသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများအနေဖြင့် (က)၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှုအခြေအနေ၊ (ခ)အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ရွေးကောက်ပွဲတစ်ခု၏စံနှုန်းကို လွတ်လပ်ပြီး တရားမျှတမှု ရှိ၊ မရှိ၊ Free and fair ဖြစ်၊ မဖြစ်ဆိုသည့် ပေတံနှင့် တိုင်းတာကြောင်း၊ ထိုသို့တိုင်းတာသုံးသပ်ရာတွင်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့ တစ်နေ့တည်း၏ဖြစ်စဉ်ကို သုံးသပ်ရုံနှင့် မလုံလောက်ဘဲ Election Circle ဟုခေါ်သည့် ရွေးကောက်ပွဲစက်ဝန်းပါ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုပါ လေ့လာသုံးသပ်မှုပြည့်စုံမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၁)နှင့်အညီ မဲစာရင်းများစစ်ဆေးခြင်း၊ မဲလက်မှတ်များစစ်ဆေးခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် မဲပေးခဲ့မှုအခြေအနေများ အပါအဝင် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို ဥပဒေနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်အားလုံး၏ မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးတွေ့ရှိချက်အရ မှားယွင်းပြီး မဲမသမာမှုဖြစ်စေသည့် မဲဆန္ဒရှင်စာရင်း **၁၁ ဒသမ ၃ သန်းကျော်**နှင့် ဆန္ဒမဲလက်မှတ်များကို မြေပြင်ဖွင့်ဖောက်စစ်ဆေးချက်အရ လျော့နည်းပျောက်ဆုံးသည့် ဆန္ဒမဲလက်မှတ် **၁ ဒသမ ၄ သန်းကျော်**နှင့်တရားမဝင် အပိုတွေ့ရှိရသည့် ဆန္ဒမဲလက်မှတ် **၄ ဒသမ ၃ သိန်းကျော်**ကို တွေ့ရှိခဲ့ကြောင်း။




အလားတူ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် NLD ပါတီခေါင်းဆောင်များဖြစ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ဝန်ကြီးချုပ်များ၏ အတည်ပြု စွက်ဖက်မှုနှင့် NLD ပါတီဝင်များ၊ အမာခံများထည့်သွင်းဖွဲ့စည်းဆောင်ရွက်ခြင်းများ၊ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရာတွင် အာဏာရပါတီကို အခွင့်သာမည့် ပြင်ဆင်ချက်များထည့်သွင်းခြင်း၊ မဲစာရင်းပြုစုရာတွင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ ခေါင်းဆောင်သည့် မဲစာရင်းများပြည့်စုံမှန်ကန်ရေးအဖွဲ့များ၏ စွက်ဖက်မှုများကြောင့် မဲစာရင်းများ ဖောင်းပွမှားယွင်းခြင်းများကို တွေ့ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင်လည်း NLD ပါတီသည် အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်တားမြစ်ချက်များကို အသုံးပြုပြီး အသာစီးရယူဆောင်ရွက်ခြင်း၊ ပြိုင်ဘက်ပါတီများ၏ နိုင်ငံပိုင်မီဒီယာကဟောပြောချက် စာတမ်းများကို ဖြတ်တောက်ဆင်ဆာပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသည့် ညွှန်ကြားချက်အမျိုးမျိုးထုတ်ပြန်ခြင်းဖြင့် အာဏာရပါတီအတွက် ဘက်လိုက်ဆောင်ရွက်ခဲ့ခြင်းတွေ့ရကြောင်း၊ ကြိုတင်မဲများ ကောက်ခံရာတွင်လည်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ မှန်ကန်မျှတမှုမရှိသည့် ဆန္ဒမဲကောက်ခံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မဲစာရင်းတွင် မှတ်ပုံတင်မရှိသူများနှင့် စာရင်းနှစ်ကြိမ်ထပ်/သုံးကြိမ်ထပ်နေသူများ အများအပြားပါရှိပြီး မည်သူမည်ဝါအဖြစ် အတည်မပြုနိုင်ဘဲ Voter Slip များ ကိုင်ဆောင်မဲပေးခွင့်ပြုခဲ့သည့်အတွက်လည်း မဲမသမာမှုနှင့် ကန့်ကွက်မှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း။

**ရွေးကောက်ပွဲရလဒ်**

ရွေးကောက်ပွဲအလွန် ကာလတွင်လည်း ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်းပြီး ပြိုင်ဘက်ပါတီများ၏ ကိုယ်စားလှယ်လောင်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်မှု မရှိခြင်း၊ ယခင်အထွေထွေရွေးကောက်ပွဲများထက် အလွန်ပိုမိုများပြားသည့် ကန့်ကွက်လွှာမှု ၂၈၇ မှု တင်ပြခြင်းများအပြင် တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေနှင့်အညီ တောင်းဆိုတင်ပြချက်များကို ညှိနှိုင်း၊ ဆွေးနွေး၊ အဖြေရှာဆောင်ရွက်နိုင်မှုမရှိခြင်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင် NLD ပါတီအစိုးရနှင့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ် အားလုံးအပေါ် အုပ်ချုပ်ရေးအာဏာကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကန့်သတ်ချက်၊ တားမြစ်ချက်များကို သုံး၍လည်းကောင်း တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးပြီး ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့ခြင်းများကြောင့် လွတ်လပ်၍တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်းစစ်ဆေးတွေ့ရှိရသည့်အတွက် ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ခဲ့ပြီးလည်း ဖြစ်ကြောင်း။

**အမှုပေါင်း ၁၀၇၇ မှု**

ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ဆောင်ရွက်ခဲ့သူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အရေးယူဆောင်ရွက်ထားရှိသည့်အခြေအနေကို ဆက်လက်တင်ပြမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကာလတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အမှုပေါင်း ၁၀၇၇ မှုဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် ရွေးကောက်ပွဲဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၅၄၆ မှု ရှိခဲ့ကြောင်း၊ ယင်းအမှုများနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကရရှိသည့် စာရင်းဇယားများအရ လက်ရှိအချိန်အထိ တရားစွဲတင်ပြီး ၃၄၅ မှု၊ ပိတ်သိမ်း ၁၉၉ မှုနှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ နှစ်မှုတို့ဖြစ်ကြောင်း။

ထို့အတူ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြ သည့် နိုင်ငံတော်သမ္မတဟောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဟောင်း ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေး အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ အပါအဝင် ကျူးလွန်သူ ၄၇၉ ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး တရားစွဲဆိုဆောင်ရွက်လျက်ရှိရာတွင် ကျူးလွန်သူ ၉၃ ဦးကို အမှုတွဲအရေအတွက် ၇၉ မှုဖြင့် တရားစွဲဆိုခဲ့ရာတွင် ပြစ်ဒဏ်ချမှတ်ပြီး ၄၇ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၃၂ မှု ဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းများကို စနစ်တကျကြီးကြပ်ကွပ်ကဲရန်ပျက်ကွက်ခဲ့သည့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပေါင်း ၂၄၁၇ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကျူးလွန်သူ ၂၁၆၉ ဦးကို အမှုတွဲ အရေအတွက် ၃၇၃ ခုဖြင့် တရားစွဲဆိုရာတွင် ပြစ်ဒဏ်ချမှတ်ပြီး ၃၉၄ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ကိုးမှုဖြစ်ကြောင်း၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုတွင် ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်ရန်ကျန်ရှိသဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ တရားစွဲဆိုရန်ကျန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ ဆက်လက်တရားစွဲဆို ဆောင်ရွက်ရေး၊ အမှုများ အမြန်ပြီးပြတ်စေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်၍ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အနီးကပ်ကြပ်မတ်ကွပ်ကဲလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်/ကျေးရွာအုပ်စုအလိုက်ကောက်ယူပြုစုထားသည့် မြေပြင်လူဦးရေစာရင်းနှင့်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ကို အခြေခံပြုစုထားသည့် စာရင်းတို့ကိုတိုက်ဆိုင် စစ်ဆေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ် ၃၂၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဆောင်ရွက်ပြီး ၁၂၆ မြို့နယ်၊ ဆောင်ရွက်ဆဲ ၁၇၆ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၂၃ မြို့နယ်ဖြစ်ကြောင်း၊ ထိုသို့ရရှိသည့် အခြေခံလူဦးရေစာရင်းကို မူတည်ပြီး အခြေခံမဲဆန္ဒရှင်စာရင်းများကို သတ်မှတ်ကာလအတိုင်း ပြုစုသွားမည်ဖြစ်ကြောင်း။

**နိုင်ငံရေးပါတီ ၉၂ ပါတီ**

နိုင်ငံရေးပါတီများ စစ်ဆေးမှုအခြေအနေကို ဆက်လက်ပြီး တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် မေလ စတုတ္ထပတ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ အခြေစိုက် ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ(Kayah State Democratic Party) ကို လွိုင်ကော်မြို့သို့ သွားရောက်စစ်ဆေးပြီးဖြစ်သည့်အတွက် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီအနက် ကိုးပါတီသာ စစ်ဆေးရန် ကျန်ရှိပြီး ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ချို့ယွင်းအားနည်းချက်များ၊ နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင် တွေ့ရှိချက်များ၊ မြန်မာနိုင်ငံနှင့် သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ရုပ်သိမ်းခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အသေးစိတ်လေ့လာဆန်းစစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အသစ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရမည့် လူသားအရင်းအမြစ်ဖြစ်သည့် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဝန်ထမ်းများဖြည့်တင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းအပါအဝင် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုများ၊ အခြေခံအဆောက်အအုံဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တည်ဆောက်ခြင်းလုပ်ငန်း အပါအဝင် အုပ်ချုပ်မှုလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ဦးဆောင်လမ်းညွှန်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၁)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အသက် ၈၃ နှစ်ရှိသည့် ဂျပန်အဘိုးအို ပစိဖိတ်သမုဒ္ဒရာကို မရပ်မနားဘဲ ရွက်လွှင့်သည့် အသက်အကြီးဆုံးလူသားအဖြစ် စံချိန်တင်

**တိုကျို ဇွန် ၄**

ဂျပန်အဘိုးအိုတစ်ဦးက ပစိဖိတ်သမုဒ္ဒရာကို မရပ်မနားဘဲ တစ်ဦးတည်းရွက်လွှင့်သည့် အသက်အကြီးဆုံးလူသားအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

အသက် ၈၃ နှစ်ရှိသည့် ဂျပန်နိုင်ငံသား ဟိုရီကီနီချီသည် ပစိဖိတ်သမုဒ္ဒရာကို ရွက်လှေဖြင့် မရပ်မနားဘဲ တစ်ကိုယ်တည်း ရွက်လွှင့်ခဲ့ပြီး ဇွန် ၄ ရက် နံနက် ၂ နာရီ ၃၉ မိနစ်တွင် ဝါကာယာမာ ပြည်နယ်နှင့် တိုကူရှီမာပြည်နယ်အကြားရှိ ကီရေလက်ကြား အပြီးသတ်စည်းမျဉ်းကို ဖြတ်ကျော်နိုင်ခဲ့ကြောင်း သိရသည်။

မတ်လနှောင်းပိုင်းတွင် အမေရိကန်အနောက်ကမ်းရိုးတန်းရှိ ဆန်ဖရန်စစ္စကိုမြို့သို့ ထွက်ခွာပြီး ၎င်း၏ ပစိဖိတ်သမုဒ္ဒရာ ဖြတ်သန်းသည့်ခရီးစဉ်ကို စတင်ခဲ့ကြောင်း သိရသည်။

၎င်း၏ ၆၉ ရက်ကြာရွက်လွှင့်ခရီးစဉ်သည် ၈၅၀၀ ကီလိုမီတာ ဝန်းကျင်ကွာဝေးသည်။ ဟိုရီကီနီချီသည် ယခင်စံချိန်တင်ထားသူထက် အသက် ၁၀ နှစ်ကျော် ပိုမိုကြီးကြောင်း သိရသည်။

လွန်ခဲ့သော ခြောက်နှစ်ကလည်း ဂျပန်နိုင်ငံမှ ဆန်ဖရန်စစ္စကိုမြို့သို့ ရွက်လွှင့်သွားခဲ့ပြီး မည်သည့်ဆိပ်ကမ်းတွင်မှ ရပ်နားခြင်းမရှိဘဲခရီးနှင်သည့် ပထမဆုံးသောရွက်လွှင့်သူအဖြစ် စံချိန်တင်ခဲ့သည်။

ရိုဂိုခရိုင်ရှိ နီရှီနိုမီယာဆိပ်ကမ်း၌ ဟိုရီကီနီချီသည် ရွက်လှေကိုသိမ်းဆည်းရန် ကမ်းစပ်သို့ ဆွဲတင်နေသည့် မှတ်တမ်းတင်ဓာတ်ပုံကို အင်တာနက်စာမျက်နှာများတွင် တွေ့မြင်နိုင်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# တရုတ်နိုင်ငံက သီရိလင်္ကာနိုင်ငံအား အရေးပေါ်လူသားချင်းစာနာမှုဆိုင်ရာ ဆေးဝါးထောက်ပံ့



**ကိုလံဘို ဇွန် ၄**

တရုတ်နိုင်ငံ၏အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ ဆေးဝါးထောက်ပံ့မှု ပထမအသုတ်သည် သီရိလင်္ကာနိုင်ငံ Bandaranaike အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယမန်နေ့တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံ ရင်ဆိုင်နေရသော အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ထောက်ပံ့ ကူညီပေးခြင်းဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Qi Zhenhong က အဆိုပါဆေးဝါးများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ပံ့ပိုးပေးသော ဆေးဝါး အကူအညီအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် သီရိလင်္ကာနိုင်ငံ အခက်အခဲကျရောက်သည့် အချိန်တိုင်း တရုတ်နိုင်ငံက အကူအညီများပေးလျက်ရှိပါကြောင်း ကျန်းမာရေးဝန်ကြီး Keheliya Rambukwella က ပြောကြားခဲ့သည်။

တရုတ်အစိုးရသည် သီရိလင်္ကာနိုင်ငံအား လက်ရှိအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း တရုတ်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက မေ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် လက်ရှိတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း၊ လောင်စာဆီနှင့် အခြားလိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်မှုနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာမှုတို့ကြောင့် ပြင်းထန်သော စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၆၂ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၆၂ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၃၁၇၂၅၄၇ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆ ဦးထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၆၇၇ ဦး ရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၂၄၁၆ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၆၉၇ ဦးထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၂၆၂၅၄၅၄ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**



# ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၅၈ ဦးရှိလာ

**အော့တဝါ ဇွန် ၄**

ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၅၈ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဌာနအကြီးအကဲ ထရီစာတမ်က ယနေ့ပြောသည်။

မျောက်ကျောက်ရောဂါကူးစက်ခံထားရသူနှင့် အနီးကပ်ထိတွေ့ပါက သို့မဟုတ် ရောဂါကူးစက်ခံထားရသူ၏ အသုံးအဆောင်များကို ကိုင်တွယ်မိပါက ရောဂါကူးစက်နိုင်သည့်အတွက် ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာကြရန် ပြည်သူများအား ၎င်းက တိုက်တွန်းပြောကြားသည်။

အဆိုပါရောဂါကူးစက်ဖူးခြင်းမရှိသည့် နိုင်ငံပေါင်း ၃၀ တွင် လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၅၅၀ ကျော်ရှိကြောင်း ၎င်းကဆိုသည်။

မျောက်ကျောက်ရောဂါသည် ကြွက်များကဲ့သို့ တိရစ္ဆာန်များတွင် ဖြစ်ပွားမှုနှုန်းမြင့်မားသည်။ သို့သော် လူသားများတွင်လည်း ကူးစက်ခံရမှုကို တွေ့ရှိရသည်။ မျောက်ကျောက်ရောဂါ၏ လက္ခဏာများမှာ အနီရောင်အဖုအပိမ့်များထွက်လာခြင်း၊ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာခြင်း၊ ကျောနာခြင်း၊ လည်ပင်းကြွက်သားများနာခြင်း၊ ချမ်းတုန်ခြင်းနှင့် မောပန်းခြင်းတို့ ဖြစ်သည်။ အနီရောင်အဖုအပိမ့်များသည် အနာဖေးများတက်လာသည့်အခါ ရောဂါကူးစက်မှု မရှိတော့ကြောင်း သတ်မှတ်နိုင်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၏ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ယခုနှစ် ပထမငါးလအတွင်း ၂၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်

**ဖနောင်ပင် ဇွန် ၄**

ကမ္ဘောဒီးယားနိုင်ငံ၏ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုသည် ယခုနှစ် ပထမ ငါးလတာကာလတွင်း ၁၄၉၄၄၇ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်က ဇွန် ၄ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂပြီးလျှင် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်ကို အများဆုံးဝယ်ယူသော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ချက် တစ်ရပ်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုပမာဏသည် ယခုနှစ် ပထမငါးလဖြစ်သည့် ဇန်နဝါရီလမှ မေလအတွင်း ကမ္ဘောဒီးယားနိုင်ငံက တင်ပို့ခဲ့သော ဆန်တင်ပို့မှုစုစုပေါင်း၏ ၅၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်က ပြောကြားသည်။



ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမငါးလအတွင်း ဥရောပဈေးကွက်သို့ ဆန် ၈၈၀၆၇ တန် တင်ပို့ရောင်းချနိုင်ခဲ့ခြင်းကြောင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၉ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ပထမငါးလအတွင်း ကမ္ဘောဒီးယားနိုင်ငံက ကုမ္ပဏီ ၅၃ ခုမှတစ်ဆင့် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ခဲ့သည့် ဆန်တန်ချိန်စုစုပေါင်း ၂၈၃၆၈၅ တန်ရှိကြောင်းနှင့် အခွန်ငွေ အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၄၇ သန်း ဝင်ငွေရရှိခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်က ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# တရုတ်နိုင်ငံ၌ မြန်နှုန်းမြင့်ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား၊ ရထားမောင်းသူ သေဆုံး



ပေကျင်း ဇွန် ၄

တရုတ်နိုင်ငံ ကွေကျိုးပြည်နယ်၌ မြန်နှုန်းမြင့် ရထားတစ်စင်း ပြေးလမ်းချော်သွားခဲ့ရာ ရထား မောင်းသူ သေဆုံးပြီး ခရီးသည်ရှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

တွဲဆိုင်းရှစ်ခုပါရှိသည့် အဆိုပါမြန်နှုန်းမြင့် ရထားသည် ကွေကျိုးပြည်နယ် ကွေယမ်းမြို့မှ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့သို့ ယနေ့နံနက်ပိုင်းတွင် ဦးတည်ထွက်ခွာလာခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်း က ကြေညာခဲ့သည်။

ရထားက ဘူတာရုံအနီးရောက်ရှိချိန်တွင် မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ ကျောက်တုံးနှင့် ရွှံ့ညွန် များက ရထားလမ်းပိုင်းပေါ်တွင် ပိတ်ဆို့လျက်ရှိသည်။ အဆိုပါရွှံ့ညွန်များကို တိုက်မိရာမှ ရထားပြေးလမ်း ချော်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရထားပြေးလမ်းချော်ပြီးနောက် မီးရထားခေါင်း တွဲက ဘူတာရုံရှိ လူသွားစင်္ကြံပေါ်သို့ ရောက်ရှိသွား ကာ ခေါင်းပိုင်းတစ်ခုလုံး ပျက်စီးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး မှတ်တမ်းတင်ဓာတ်ပုံ များကို လူမှုကွန်ရက်စာမျက်နှာများတွင် မြင်တွေ့ နိုင်သည်။

ကယ်ဆယ်ရေးလုပ်သားများက ခရီးသည်များ အား ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမတော်တဆမှုဖြစ်စဉ်အတွင်း ခရီးသည် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ခရီးသည် ၁၃၀ ကျော်အား ဘေးကင်းစွာ ကယ်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၆၆ သန်းကျော် ရှိလာ

အဒစ်အဘာဘာ ဇွန် ၄

အာဖရိကတိုက်၌ ဇွန် ၃ ရက် ညနေပိုင်းအချိန် အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၁၆၅၇၀၃၂ ဦး ရှိလာကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြား သည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖ ရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၃၃၄၃ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၁၀၁၃၇၀၇ ဦးရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများ ဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၆၃၃၉၄ ဦး ရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၆၈၆၆၄ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ် ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသ သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံး ဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသ များသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိက အလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက် ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရ သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၄၄ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇွန် ၄

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၄၄ ဦး ထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၁၂၀၄၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၈၄၁ ဦးသည် ဒေသတွင်းကူးစက်ခံရသူများ ဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း တစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူ ပေါင်း ၃၅၆၈၁ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၂၀၀၅ ဦး ရောဂါမှပြန်လည် ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည် ကောင်းမွန်လာသူပေါင်း ၄၄၅၃၃၁၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၀၄၆ ဦးရှိပြီး ယင်းတို့အနက် ၂၇ ဦးသည် ရောဂါပြင်းထန်စွာ ခံစား နေရပြီး ၁၇ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၇ ရာခိုင် နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်း ဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၂ ဒသမ ၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှု ခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ် ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၄၈ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဇွန် ၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၄၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံ ရသူစုစုပေါင်း ၁၈၁၅၃၈၅၁ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ဇွန် ၄ ရက်တွင် ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများ အနက် ၄၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာ သူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရ သည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် သီတင်း ပတ်အတွင်းက နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ၁၂၃၂၂ ဦး ရှိကြောင်းလည်း တောင်ကိုရီးယားနိုင်ငံ ကူးစက် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ကိုးဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါ ရောဂါဖြင့်သေဆုံးသူပေါင်း ၂၄၂၃၈ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ် ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေ အတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ကုလသမဂ္ဂက ဆိုမာလီယာနိုင်ငံသို့ အရေးပေါ်အကူအညီ ကန်ဒေါ်လာ သန်း ၂၀ ထောက်ပံ့မည့်အစီအစဉ်တစ်ရပ် ဆောင်ရွက်

မိုဂါဒစ်ရှူး ဇွန် ၄

ဆိုမာလီယာနိုင်ငံ၌ မိုးခေါင်မှုကြောင့် ငတ်မွတ်မှု ဒဏ်ခံစားနေရသူများအား အရေးပေါ် အကူအညီ ပေးအပ်ရန်အတွက် ဆိုမာလီယာနိုင်ငံရှိ ကုလသမဂ္ဂ ကူညီကယ်ဆယ်ရေးသံတမန်က ဆိုမာလီယာနိုင်ငံ ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ထောက်ပံ့ပေးရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ၏ပြောကြားချက်အရ ဆိုမာလီယာ နိုင်ငံသည် အာဖရိကဦးချိုဒေသတွင် မိုးခေါင်မှုဒဏ် အခံရဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ ဆိုမာလီယာ နိုင်ငံရှိ လူဦးရေအနည်းဆုံး ၆ ဒသမ ၁ သန်းသည် မိုးခေါင်မှုဒဏ်ခံခဲ့ရကြောင်းနှင့် ယင်းလူဦးရေအနက် လူပေါင်း ၇၇၁၀၀၀ သည် သောက်သုံးရေနှင့် အစား အစာများကို ရှာဖွေရန် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ကြရကြောင်းလည်း သိရသည်။

၂၀၂၂ ခုနှစ် ဆိုမာလီယာနိုင်ငံလူသားချင်းစာ နာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်အရ လူပေါင်း ၅ ဒသမ ၅ သန်းအားထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတောင်းခံ ထားကြောင်းနှင့် ယင်းသို့ လိုအပ်ချက်များတိုးမြှင့် လာသော်လည်း မေ ၃၁ ရက်အထိကာလအတွင်း လိုအပ်သည့်ရန်ပုံငွေ(အမေရိကန်ဒေါ်လာ သန်း ၂၆၀ နီးပါး)၏ ၁၈ ရာခိုင်နှုန်းသာလျှင် လက်ခံရရှိသေး ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဝေါမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်းခန့် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၄**

ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၅၉၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး ဗျူဟာလမ်းဆုံပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မနန်းမြတ်ထွေး မောင်းနှင်ပြီး ရန်နိုင်ကျော် လိုက်ပါလာသည့် Toyota Avanza မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မနန်းမြတ်ထွေးနှင့် ရန်နိုင်ကျော်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ရန်နိုင်ကျော်နှင့် မနန်းမြတ်ထွေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်းကုန်သေတ္တာစခန်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ကလေးတစ်ကိုယ်ရည်သုံးပစ္စည်းဖြစ်သည့် BABY WIPES (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၈၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၃ ရက်တွင် တောင်ငူခရိုင်အတွင်း တရားမဝင် ကျွန်းသစ် ၇ ဒသမ ၅၄၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၁၂၀)**အားလည်းကောင်း၊ ဇွန် ၄ ရက်တွင် တရားမဝင် ကျွန်း၊ ထောက်ကြန့်၊ ဖန်ခါး၊ ဇင်ပြွန်း၊ မျောက်ငို၊ နဘဲ၊ ပျဉ်းကတိုးစသည့် သစ်မျိုးစုံ ၁၃ ဒသမ ၉၄၄၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၃၄၄၂)**ကိုလည်းကောင်း စုစုပေါင်းသစ်မျိုးစုံ ၂၁ ဒသမ ၄၈၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၉၃၅၆၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၃ ရက်နှင့် ၄ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၂၁၅၆၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ဖိုးကျားဆင်စခန်းအနီး ဝါးတင်ယာဉ်တိမ်းမှောက်၍ တစ်ဦးသေ၊ ခုနစ်ဦးဒဏ်ရာရ

**ရေတာရှည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ- ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ဖိုးကျားဆင်စခန်းအနီး၌ ယမန်နေ့ ညနေ ၆ နာရီခန့်က ဝါးလုံးများ တင်ဆောင်လာသော ခြောက်ဘီးယာဉ်တစ်စီး အဆင်းကွေ့တွင် အရှိန်လွန်တိမ်းမှောက်သွားခဲ့ရာ တစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ရိုးမဖြတ်ကျော် ကားလမ်းအတိုင်း အနောက်မှအရှေ့သို့ နေဆန်းလင်း ကျွန်းပင်ဆိပ်ကျေးရွာနေသူ မောင်းနှင်ပြီး ယာဉ်ဦးခေါင်း၌ ယာဉ်မောင်းနှင်သူအပါအဝင် အမျိုးသား သုံးဦး၊ ယာဉ်နောက်တွင် ဝါးလုံးရေ ၂၈၀၀ ခန့်တင်ဆောင်ထားပြီး ဝါးလုံးများပေါ်၌ အမျိုးသား ခုနစ်ဦးလိုက်ပါစီးနင်းလာသော ခြောက်ဘီးယာဉ်သည် မိုင်တိုင် (၁၀/၁) ဖိုးကျားဆင်စခန်းအနီး ကုန်းဆင်းအကွေ့အခင်းဖြစ်နေရာအရောက်၌ အရှိန်လွန်၍ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နောက်တွင် စီးနင်းလိုက်ပါလာသော နေလင်းအောင် ဥယျာဉ်မှူးကျေးရွာနေသူမှာ ရရှိသည့်ဒဏ်ရာများဖြင့်သေဆုံးခဲ့ပြီး အမျိုးသားခုနစ်ဦး မစိုးရိမ်ရဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း နေဆန်းလင်းအား သာဂရနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပေါင်းတည်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပေါင်းတည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဇီးပင်လှကြိုးဝိုင်း အကွက်အမှတ်(၈၇)တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းအပူချိန် လျော့ကျစေရန်ရည်ရွယ်၍ ပေါင်းတည်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့မှဦးဆောင်ကာ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပွဲတွင် ကျွန်း၊ မန်ဂျန်ရှား၊ ယူကလစ်၊ ပျဉ်းကတိုးစသည့် ပျိုးပင် ၃၅၀ စိုက်ပျိုးရန်လျာထားသော်လည်း ဒေသခံပြည်သူများ၏ တောင်းဆိုချက်အရ ပျိုးပင် ၁၀၀၀ ကို မြို့နယ်စီမံ



အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း အင်အား၂၀၅ ဦးဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၅-၆-၂၀၂၂ တနင်္ဂနွေနေ့**

**MRTV HD**

**၀၆:၀၀** ပဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် (text as printed: ပေဋ္ဌာနသုတ်၊ရတနသုတ်၊မေတ္တာသုတ်) အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** တရုတ်ကာတွန်း **'ပါးကွေ့ငါးစွန့်တားခန်း'** (အပိုင်း-၂)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** 'Music Gallery-2' တေးဂီတဖျော်ဖြေပွဲ
**၁၁:၄၅** အသိပညာနှင့်အမှန်တရား **'စိတ်သိပ္ပံစိတ်ခံစားမှုလမ်းပြမြေပုံ'** (အပိုင်း-၂)
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဇာတ်ကားရှင် **'ကြည်ဖြူ'** (ထွန်းထွန်းဝင်း၊ ပေဝင်းမောင်)
**၁၇:၁၀** ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
**၁၇:၄၅** တစ်ခုတည်းသောကမ္ဘာမြေကြီး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၉၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၁၅** မြန်မာစီးရီးဇာတ်လမ်း **'ငါးမန်းဘဝက်'** (စည်သူမောင်၊ နေဆန်း၊ မေသဉ္ဇာဦး၊ ဖူးစုံ)

**mitv**

**07:01** Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
**07:12** Shwedagon Buddha Museum
**07:44** Finding Ways for Coexistence between People and Elephants
**08:01** Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
**08:26** Today Myanmar: The 10th ASEAN Quiz (National Level)
**08:34** Bamboo Fashion in Style
**08:44** Fine Arts Podium (Conch Shell Wind Instrument)
**09:01** News
**09:27** Global Partnership for Brighter Future: San Marino Pavilion at Expo 2020 Dubai
**09:35** Let's go to Hlawga Nature Park
**09:54** Scented Buddha Images

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** တိုင်းရင်းသားကျေးရွာက ကရင်ရိုးရာအိမ်ကလေးသို့
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ဖိုင်းပြွရွာလေးမှ ရေလုပ်သားကြီးရဲ့ဘဝ
**ချင်း (လိုင်စိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဆေးပက်ဝင်သခွတ်ပင်
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** မင်းတပ်မြို့ရဲ့ မိုးရာသီအလှပုံရိပ်များ (အပိုင်း-၁)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ကြက်ဟင်းခါးသီးအစွမ်း
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ပွိုင့်ကမ်းခြေသို့ အလည်သွားကြမယ်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ငါးပေါင်းအစားအစာ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** မတူညီသောပုံရိပ်များ (ဇာတ်လမ်း) (အပိုင်း-၁)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** တစ်နိုင်တစ်ပိုင် စပျစ်စိုက်ခင်းဆီ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားအစားအစာ မုန့်ညှင်းချဉ်နှင့် ဝက်ရိုးဟင်း
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** သုတဝေစည်တောင်သူဆီ
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၇:၅၀** ငွေနှင်းမှို
**၀၈:၄၅** လုပငဝေသာနှင်းဆီကမ္ဘာ
**၀၉:၂၅** ပြောင်းစိုက်တောင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း
**၀၉:၄၅** သာယာပျော်ရွှင်ညောင်နှစ်ပင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

○ **တမူးမြို့မှ**

ထိုးနှံပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**မီးရှို့ဖျက်ဆီးခဲ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွားအင်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့ စော်ဘွားအင်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးသို့ ယနေ့မွန်းလွဲ ၃ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးက အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမှတစ်ဆင့် ဆိုင်ကယ်ဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ ထို့နောက် အစောင့်ဖြစ်သူ ဦးနေထူးအောင်(ဘ)ဦးကြည်ရှိန်အား ပစ္စတိုဖြင့်ထောက်၍ ပညာရေးမှူးရုံးအဆောက်အအုံအား ၎င်းတို့ အသင့်ယူဆောင်လာသည့် ဓာတ်ဆီများဖြင့်လောင်းကာ မီးရှို့ဖျက်ဆီးခဲ့ပြီး လာရာလမ်းအတိုင်း ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်နေသည့် ပညာရေးမှူးရုံးအား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရပြီး ပညာရေးမှူးရုံးအတွင်းရှိ ရုံးခန်း နှစ်ခန်းနှင့် ရုံးခန်းများအတွင်းရှိ သင်ထောက်ကူပြုပစ္စည်းများ၊ စာရွက်စာတမ်းများနှင့် ပရိဘောဂများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**



တမူးမြို့နယ် ပညာရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုအား တွေ့မြင်ရစဉ်။

**တမူးမြို့နယ် ပညာရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် တည်နေရာပြမြေပုံ**




## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်တော်သာရပ်ကွက်နေ အောင်ချိုဦးသည် ၎င်းအသုံးပြုသည့် “Aung Cho Oo” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နေသူများဖြစ်သည့် ရဲစိုး(ခ) အောင်ရဲစိုး၊ ဇော်မျိုးဦး(ခ)ZO နှင့် မင်းမင်းတို့သည် ၎င်းတို့အသုံးပြုသည့် “Ye Soe” Facebook အကောင့်၊ “Zaw Myo Oo” Facebook အကောင့်နှင့် “Min Min” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၅) ရပ်ကွက်နေ ဥက္ကာကျော်သည် ၎င်းအသုံးပြုသည့် “Oakkar Kyaw” Facebook အကောင့်၊ တောင်သာမြို့နယ်နေသူများဖြစ်သည့် လှိုင်သဇင်၊ ဖြိုးဝဏ္ဏအောင်(ခ) ဘီလူးနှင့် သီတာအေးတို့သည် ၎င်းတို့အသုံးပြုသည့် “Hlaing Thazin” Facebook အကောင့်၊ “Phyo Wuna Aung” Facebook အကောင့်နှင့် “Thida Aye” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မင်းသွေးခန့်သည် ၎င်းအသုံးပြုသည့် “Min Thawe Khant” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နေ မြင့်မြတ်မိုရ်မျိုးသည် ၎င်းအသုံးပြုသည့် “Myint Myat Mo Myo” Facebook အကောင့်၊ ကျောက်တံခါးမြို့နယ် ဈေးပိုင်းရပ်ကွက်နေ ခင်မောင်သိုက်သည် ၎င်းအသုံးပြုသည့် “Khin Mg Thike” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်း/တောင်ရပ်ကွက်နေ ကျော်မင်းကို(ခ)Clock သည် ၎င်းအသုံးပြုသည့် “Clock” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သနပ်ပင်မြို့နယ်၌ လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီးနောက်တွဲကိရိယာဖြင့်ထွန်ယက်ခြင်း သရုပ်ပြပွဲကျင်းပ

**သနပ်ပင် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ မိုးရာသီစပေါင်းထွန်ယက်ပွဲနှင့် လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီးနောက်တွဲကိရိယာဖြင့် ထွန်ယက်ခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဖရဲကျေးရွာကွင်းအမှတ်(၈၅၅) တောင်သူ ဦးအောင်ကျော်ဦး၏ လယ်ယာမြေ၌ ကျင်းပသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွှန့်လွင်နှင့် ဝန်ထမ်းများက သနပ်ပင်မြို့ အမှတ်(၇၃) စက်မှုလယ်ယာစခန်းမှ ထွန်စက်အကြီး ငါးစီး၊ လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီးတမန်းမွှေကိရိယာ သုံးစီး စုစုပေါင်း ရှစ်စီးဖြင့် လက်တွေ့ထွန်ယက်ခြင်းကို သရုပ်ပြဆောင်ရွက်ခဲ့ရာ တောင်သူများက သိရှိလိုသည်များအား မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၄

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး လေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံသည်။



ပေါင်းစပ်ညှိနှိုင်းပေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအခါ လေဆိပ်အတွင်း ပြည်တွင်း ပြည်ပခရီးသည် ဝင်ရောက်မှုများရှိလာပြီဖြစ်ရာ သက်ဆိုင်ရာဌာနများက မိမိတို့တာဝန်ကျရာအခန်းကဏ္ဍမှ ဝန်ဆောင်မှုပြုကြရမည်ဖြစ်ကြောင်း၊ လေဆိပ်ပရဝဏ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများအားလုံး တက်ညီလက်ညီ စုပေါင်းလုပ်ကိုင်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ် အင်္ဂါရပ်နှင့်ညီစွာ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ်သို့ရောက်ရှိရာ ဘွဲ့နှင်းသဘင်ခန်းမအတွင်း တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ လက်တွေ့ကွင်းဆင်းကြမည့် တတိယနှစ်ကျောင်းသားကျောင်းသူများနှင့် ပထမနှစ်မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံရာ၌ ဤဘာသာရပ်နယ်ပယ်တွင် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် အဓိကဘာသာရပ်သာမက သာသာစကားနှင့် အိုင်တီနည်းပညာများကိုပါ စနစ်တကျ ကြိုးစားသင်ကြားထားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ကြသည့်အချိန်တွင် အဆင်သင့်ဖြစ်ကြမည်ဖြစ်ကြောင်း၊ ကျောင်းနေစဉ်ကာလ၌ စာတော်ရမည် ဆိုသည့်ဆောင်ပုဒ်အတိုင်း ထူးချွန်သည့် လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ Pullman Hotel ၌ ပြုလုပ်သည့် အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်း (Barrier Free Tourism) အထောက်အကူပြု ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံခရီးသွားလုပ်ငန်းဆု ၂၀၂၂ အစီအစဉ်အရ ချီးမြှင့်ခံရသည့် ဟိုတယ်များအား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Enchanting Myanmar Health and Safety Protocol အရ အမျိုးသားအဆင့်ရရှိသည့် ဟိုတယ်များကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဟိုတယ်ဝန်ထမ်းများကို တတိယအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေး Booster Dose ထိုးနှံမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများနှင့် ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ပတ်ဝန်းကျင်တွင် ယခုထက် ပိုမိုအားကောင်းသည့် ဆွဲဆောင်မှုများ ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဧည့်သည်အများအပြား ပိုမိုလာရောက်နေထိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်း (Barrier Free Tourism) အထောက်အကူပြု ဝန်ဆောင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ဟိုတယ်ဇုန်ရှိ ဟိုတယ်ဝန်ထမ်းများကို တတိယအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေး Booster Dose ထိုးနှံပေးနေမှုကိုလည်းကောင်း၊ ပြင်ဦးလွင်ရွှေစံအိမ်ဟိုတယ်ရှိ Governor House နှင့် ပတ်ဝန်းကျင်မြေအခင်းအကျင်း စီမံထားမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့ Heritage Bagan ဟိုတယ်၌ ပြုလုပ်သော အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism) အထောက်အကူပြုဝန်ဆောင်မှုသင်တန်းနှင့် ပြည်တွင်းခရီးသွားများအား လိုက်လံရှင်းလင်းပြသသူများသို့ အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ်မြောက် ပုဂံဟိုတယ်ဇုန်ရှိ ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး Booster Dose ထိုးနှံမှုကိုလည်းကောင်း၊ နန်းမြင့်မျှော်စင်အား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြည်တွင်းပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ပုသိမ် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ကိုးသိန်းအားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်လုပွဲအား မြောင်းမြခရိုင်ဘောလုံးအသင်းနှင့် မအူပင်ခရိုင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြောင်းမြခရိုင်အသင်းက မအူပင်ခရိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဆုရရှိသည့် မအူပင်ခရိုင်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်ငါးသိန်းကို စီးပွားရေးရာဝန်ကြီးကလည်းကောင်း၊ ပထမဆုရရှိသည့် မြောင်းမြခရိုင်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုကျပ်ခုနစ်သိန်းကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးကစားသမားဆု ရရှိသူများအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

တောင်ကြီး ဇွန် ၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၃ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ပြောကြား

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အသက် ၁၉ နှစ်အောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းသည် ရှမ်းပြည်နယ်အတွင်းရှိ ဒေသများတွင် ဘောလုံးအဆင့်အတန်း တိုးတက် မြင့်မားရေး၊ လူငယ်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိကာ ကျန်းမာကြံ့ခိုင်သော လူငယ်များအဖြစ် ရှမ်းပြည်နယ်၏ အားကစားကဏ္ဍ တိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲပထမနေ့ပွဲစဉ်အဖြစ် တာချီလိတ်ခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၁၃ ရက်အထိ တစ်ရက်လျှင်လေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်



နေပြည်တော် ဇွန် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရှမ်းဝိုင်းရပ် မြို့မရပ်ကွက်၌ ပြုလုပ်သည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ သံဃာတော်များ၊ ငြိမ်းချမ်းရေးကို လိုလားသူပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၅၅၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာသည့် သံဃာတော်များနှင့် တာဝန်ရှိသူများက "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့"ဟု စာသားပါ ပိုစတာဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ငြိမ်းချမ်းရေးငှက်များကို အထိမ်းအမှတ်အဖြစ် လွှတ်ပေးကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးလိုလားသူပြည်သူများက "ပြည်ထောင်စုမပြိုကွဲရေး-ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး-ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး-ဒို့အရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး-ဒို့အရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ် ဆန့်ကျင်တိုက်ဖျက်ရေး-ဒို့အရေး၊ ငြိမ်းချမ်းရေးပျက်ပြားအောင် ဆန့်ကျင်နေသူများ ကျဆုံးရေး-ဒို့အရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးအောင်ရမည်" စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ချီတက်ကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလိုလားသူများက ငြိမ်းချမ်းရေးသည် ဒီမိုကရေစီအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်၊ ငြိမ်းချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်၊ ငြိမ်းချမ်းရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည် စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဟာရပြည့်ဝသော တိရစ္ဆာန်အစာပင် ကိုးမျိုးအား မြေ ၉၁ ဧကတွင် တိုးချဲ့စိုက်ပျိုးသွားမည်

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်နို့စားနွားမွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံအတွင်း အာဟာရပြည့်ဝပြီး အရည်အသွေးမြင့်သော တိရစ္ဆာန်အစာပင် ကိုးမျိုးအား မြေ ၉၁ ဧကတွင် တိုးချဲ့စိုက်ပျိုးရန် မြေယာပြုပြင်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်ကာ ဇွန်လဒုတိယပတ်တွင် မျိုးစေ့စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ၉၁ ဧက အကျယ်မြေနေရာတွင် စိုက်ပျိုးမြေနှင့်ကိုက်ညီသော တိရစ္ဆာန်အစာပင်များကို ရွေးချယ်စိုက်ပျိုးနိုင်ရန်မြေနမူနာကိုခြောက်လက်မအနက်မှယူ၍ မြေအရည်အသွေးကို နှစ်စဉ်စစ်ဆေးခဲ့ကာ ကနဦး ဧက ၂၀ တွင် တိရစ္ဆာန်အစာပင် ၁၀ မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုရရှိသောကြောင့် တိုးချဲ့စိုက်ပျိုးရန် မြေယာပြုပြင်ခြင်းလုပ်ငန်းကို မတ်လတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

"ကျွဲ၊ နွား၊ သိုး၊ ဆိတ် အစာဖြစ်တဲ့ ဒေသမြက်တွေမှာ အသားဓာတ်ပါဝင်မှုနဲ့ အာဟာရဓာတ်ပါဝင်မှု နည်းပါးတယ်။ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်တွေကို မွေးမြူတဲ့အခါမှာ အာဟာရဓာတ်ပြည့်ဝပြီး အရည်အသွေးမြင့်တဲ့ တိရစ္ဆာန်အစာကို ကျွေးဖို့လိုပါတယ်။ အရည်အသွေးပြည့်ဝတဲ့အစာကို သင့်တင့်တဲ့ပမာဏ ကျွေးရုံနဲ့ အစာစရိတ်သက်သာစေတဲ့အပြင် ထုတ်လုပ်မှုမှာ စံချိန်မီတဲ့အတွက် တောင်သူတွေ ဝင်ငွေပိုမိုရရှိစေမှာပါ။ တိရစ္ဆာန်အစာ နေဗီယာမြက်ပထမ ဧက ၂၀ စမ်းသပ်စိုက်ပျိုးတာ အောင်မြင်တဲ့အတွက် ၉၁ ဧကကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ထွက်ရှိတဲ့မြက်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြန့်ဖြူးသွားမယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးကိုလည်း တိုးချဲ့ဖြန့်ဖြူးနိုင်အောင် ရည်ရွယ်ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတိုးမင်းထွန်းက ပြောသည်။

တိရစ္ဆာန်အစာပင် ကိုးမျိုးအား မျိုးစေ့ထုတ်ရန်နှင့် ပင်ပွားဖြန့်ရန် ရည်ရွယ်ချက်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်း ၇၃ ဧကနှင့် ပင်ပွားမျိုးထုတ်စိုက်ခင်း ၁၈ ဧက စုစုပေါင်း ၉၁ ဧကၡ မွန်ဘားဆားမြက်၊ မန်ရေးဘားမြက်၊ ရူဇီမြက်၊ ပါစ်ပယ်လန်မြက်၊ ပန်ဂိုလာမြက်၊ မူလာတိုမြက်၊ ဒက်စ်မန်းသပ်မြက်၊ ဦးဘွန်းစတိုင်လိုမြက်နှင့် ဟားမားတားစတိုင်လိုမြက်တို့ကို စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေဗီယာမြက်၊ မွန်ဘားဆားမြက်တို့ကို တိရစ္ဆာန်အစာအဖြစ် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၁၅၇ ဒသမ ၄၁၂ ဧက၊ အခြားဌာနများမှ ၁၆၅ ဒသမ ၇၄၀ ဧကနှင့် ပုဂ္ဂလိကကဏ္ဍမှ ၂၂၅၆ ဧကတို့ဖြင့် ၂၅၇၉ ဒသမ ၃၇၇ ဧက စိုက်ပျိုးထားရှိပြီး ယခုအခါ တိရစ္ဆာန်အစာနှင့် နွားစာချဉ်ဖတ်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများ ပေါ်ထွန်းလာသောကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးမှုကို စီမံချက်ထားဆောင်ရွက်နေကြောင်း သိရသည်။

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် နို့စားနွားမွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံသို့ မေလပထမပတ်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တိရစ္ဆာန်အစာမြက်စမ်းသပ်စိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစဉ် ထပ်မံထူထောင်စိုက်ပျိုးမည့် ၉၁ ဧက၌ မြက်များစိုက်ပျိုးမှု၊ နွားမွေးတောင်သူများသို့ အမှန်တကယ် ဖြန့်ဝေအသုံးပြုနိုင်မှုနှင့် တွက်ခြေကိုက်မှုအခြေအနေကို စနစ်တကျသုတေသနပြုရန်၊ နေဗီယာမြက်စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေရရှိရေး၊ သုတေသနနှင့်သရုပ်ပြခြံအတွင်း ရေကန်ပြုပြင်မှုတို့ကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မိမိခြံမှမွေးမြူထုတ်လုပ်ဖြန့်ဝေပြီးသည့်နွားများ ဆက်လက်ဖြန့်ဝေမှုနှင့် ပွားများမှုအခြေအနေအား သုတေသနပြုပြီး အကျိုးသက်ရောက်မှုကို စိစစ်ရန် မှာကြားမှုအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသောနိုင်ငံတွင် တိရစ္ဆာန်အစာပင်စိုက်ပျိုးထုတ်လုပ်မှုသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည်။ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍသည် အရေးပါသောကြောင့် အာဟာရပြည့်ဝပြီး အရည်အသွေးမြင့်သော တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းမှ ဝင်ငွေပိုမိုရရှိစေလျက် တိရစ္ဆာန်အစာအတွက်လည်း ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ရာ ကျေးလက်နှင့်မြို့ပြ ဝင်ငွေကွာခြားမှုကို လျော့ကျစေမည်ဖြစ်သည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**






၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တို့ကမ္ဘာမြေသန့်ရှင်းသာယာဖို့ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ကြပါစို့

ဒေါက်တာတင်အောင်ဝင်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

ကျွန်ုပ်တို့၏ နေ့စဉ်လူနေမှုဘဝတွင် မလွဲမသွေတွေ့ကြုံနေရသောအရာများတွင် စွန့်ပစ်ပစ္စည်းများသည် တစ်ခုအပါအဝင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ကောင်းမွန်သည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများနှင့်အတူ သန့်ရှင်းသည့်ပတ်ဝန်းကျင်အခြေအနေများရှိသလို စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များနှင့် စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွာ စွန့်ပစ်မှုများကြောင့် မြေထု၊ ရေထုနှင့် လေထုညစ်ညမ်းမှုများ အပါအဝင် ညစ်ညမ်းသည့်ပတ်ဝန်းကျင်အခြေအနေများလည်း ရှိနေပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့်ပတ်ဝန်းကျင်တွင် ကျွန်ုပ်တို့ နေထိုင်ရှင်သန်နိုင်ရေးကိုရည်ရွယ်၍ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး လေ့လာတင်ပြလိုက်ခြင်းဖြစ်သည်။

### စွန့်ပစ်ပစ္စည်းဆိုသည်မှာ

စွန့်ပစ်ပစ္စည်းဟုဆိုရာတွင် ၂၀၁၂ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပတ်ဝန်းကျင်၌ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ပစ္စည်းပမာဏ၊ ဖွဲ့စည်းမှု သို့မဟုတ် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ပတ်ဝန်းကျင်တွင် စွန့်ပစ်သည့်၊ ထုတ်လွှတ်သည့် သို့မဟုတ် စုပုံသည့် အစိုင်အခဲ၊ အရည်နှင့် အခိုးအငွေ့များ ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်း အမျိုးအစားများစွာရှိပြီး စွန့်ပစ်ပစ္စည်းများသည် နေအိမ်များ၊ စားသောက်ဆိုင်များ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မြို့ပြနှင့် ကျေးလက်ဒေသများ စသည့်လုပ်ငန်းကဏ္ဍ၊ နေရာအသီးသီးမှ ထွက်ရှိလာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါစွန့်ပစ်ပစ္စည်းများတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ၊ ကုန်ကြမ်းအဖြစ် ပြန်လည်ပြုပြင်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများနှင့် ပြန်လည်ပြုပြင်အသုံးပြု၍ မရနိုင်သော စွန့်ပစ်ရန်လိုအပ်သည့် စွန့်ပစ်ပစ္စည်းများပါဝင်ကြသည်။

### စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များ

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ ကမ္ဘာပေါ်တွင် နှစ်စဉ်စွန့်ပစ်ပစ္စည်းထွက်ရှိမှုပမာဏသည် ၁၁ ဒသမ ၂ ဘီလီယံတန်ခန့်ရှိနေပြီး ပလတ်စတစ် စွန့်ပစ်ပစ္စည်းပမာဏအနည်းဆုံး တန်ချိန် ရှစ်သန်းခန့်သည် ပင်လယ်နှင့် သမုဒ္ဒရာများအတွင်းသို့ နှစ်စဉ်ရောက်ရှိနေကာ ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၁၂ ခုနှစ်အတွက် ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် အစိုင်အခဲစွန့်ပစ်ပစ္စည်းများ တစ်ရက်လျှင် ၅၆၁၆ မက်ထရစ်တန် ထွက်ရှိနေပြီး နိုင်ငံသားတစ်ဦးချင်းအနေဖြင့် တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း သုည ဒသမ ၄၄ ကီလိုဂရမ် စွန့်ပစ်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ၂၁၀၁၂ မက်ထရစ်တန်နှင့် သုည ဒသမ ၈၅ ကီလိုဂရမ်သို့ အသီးသီးရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။




ပုံကိုးကားချက်- Internet

လတ်တလော ခန့်မှန်းမှုများအရ ၂၀၁၇ ခုနှစ်က မြန်မာတစ်နိုင်ငံလုံးအနေဖြင့် စွန့်ပစ်ပစ္စည်း တစ်ရက်လျှင် မက်ထရစ်တန် ၂၀၀၀၀ ခန့် ထွက်ရှိကြောင်း Netherland Enterpriser Agency ၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာအရ သိရသည်။ ထို့ပြင် ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် လူတစ်ဦးမှ တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း သုည ဒသမ ၈ ကီလိုဂရမ်ထွက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် လူတစ်ဦးမှ တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း တစ်ကီလိုဂရမ်ခန့် ထွက်ရှိမည်ဖြစ်ကြောင်း ထိုအစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းပမာဏ စုစုပေါင်းအနက် ခန့်မှန်းခြေအားဖြင့် ၅၀ ရာခိုင်နှုန်းခန့်မှာ အဓိကမြို့ကြီးသုံးမြို့ဖြစ်သော ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့မှ ထွက်ရှိလျက်ရှိသည်။ ရန်ကုန်မြို့မှ တစ်ရက်လျှင် တန်ချိန် ၂၀၀၀ ခန့်၊ မန္တလေးမြို့မှ တစ်ရက်လျှင် ၉၅၅ တန်ခန့်နှင့် နေပြည်တော်မှ တစ်ရက်လျှင် တန် ၂၀၀ ခန့် ထွက်ရှိကြောင်း လေ့လာသိရှိရသည်။ **[ကိုးကားချက်။ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)]**

### စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လက်ရှိအခြေအနေ

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ရာသီဥတုပြောင်းလဲမှု အပါအဝင် သဘာဝသယံဇာတများ လျော့နည်းဆုံးရှုံးလာခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းဆုံးရှုံးလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း စသည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ အဆိုပါပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများတွင် စွန့်ပစ်ပစ္စည်းများသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ထို့အပြင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် စွန့်ပစ်ပစ္စည်းများအား တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တရားမဝင် တင်သွင်း/တင်ပို့မှုများကို ဖြေရှင်းဆောင်ရွက်နေကြရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်များ ရှိနေခြင်းနှင့် စနစ်တကျစီမံခန့်ခွဲနိုင်ရန် လိုအပ်ချက်များ ရှိနေခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွင်းသို့ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား တရားမဝင်တင်သွင်းမှုများ ဖြစ်ပေါ်လာပါက ပြည်တွင်း၌ စွန့်ပစ်ပစ္စည်း စုပုံရောက်ရှိနိုင်မှုကို အထူးဂရုပြု ကာကွယ်တားမြစ်နိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများက အာရုံစိုက်ပြီး အလေးထားဆောင်ရွက်လျက်ရှိသော ကိစ္စရပ်တစ်ခုမှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းညစ်ညမ်းမှု တိုက်ဖျက်ရေးဖြစ်သည်။ ပစ္စည်းများအား ထုပ်ပိုးရာတွင် အသုံးပြုသည့် ပလတ်စတစ်အိတ်များသည် ကမ္ဘာပေါ်တွင် တစ်ခါသုံး ပလတ်စတစ်စွန့်ပစ်ပစ္စည်း ထွက်ရှိမှု၏ အဓိကကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တစ်ခါသုံးပလတ်စတစ်ထုတ်ကုန်များကို အများအပြားသုံးစွဲလာပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်နိုင်မှု လျော့ကျလာပါက ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တိုးပွားလာမည့်အခြေအနေနှင့်အတူ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ မြေပြင်မှတစ်ဆင့် မြစ်များ၊ ချောင်းများ၊ ပင်လယ်သမုဒ္ဒရာများသို့ ရောက်ရှိပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာမည့် အခြေအနေကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်လျက်ရှိကြသည်။

ထို့ကြောင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးညီလာခံများတွင် ကမ္ဘာ့နိုင်ငံများ ဆွေးနွေးညှိနှိုင်းပြီး ပလတ်စတစ်ညစ်ညမ်းမှုနှင့်ပတ်သက်သော ဥပဒေအရ စည်းနှောင်မှုရှိသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ခု (An internationally legally binding instrument on plastic pollution) ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအတွင်း၌ စွန့်ပစ်ပစ္စည်းဆိုင်ရာပြဿနာများကို လေ့လာကြည့်မည်ဆိုပါက မြို့ပြနှင့် ကျေးလက်ဒေသအချို့တွင် စွန့်ပစ်ပစ္စည်းများကို လမ်းဘေးဝဲယာနေရာများ၊ နောက်ဖေးလမ်းကြားများ၊ ရေမြောင်းများ၊ အင်းအိုင်များ၊ ချောင်းများ၊ မြစ်များနှင့် ပင်လယ်ကမ်းစပ်နေရာများတွင် စည်းကမ်းမဲ့ တိုက်ရိုက်စွန့်ပစ်ခြင်း၊ လေဟာပြင်တွင် စုပုံစွန့်ပစ်ခြင်းနှင့် လေဟာပြင်တွင် မီးရှို့ဖျက်ဆီးခြင်းတို့ကြောင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် အကျိုးဆက်အနေဖြင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် မြေထုညစ်ညမ်းမှုများကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။

အဆိုပါညစ်ညမ်းမှုများသည် ပြည်သူလူထု၏ ကျန်းမာရေးနှင့် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများအတွင်းရှိ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်စေနိုင်ရုံသာမက အဆိုပါစွန့်ပစ်ပစ္စည်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်က ကုန်ကျစရိတ်များစွာ အသုံးပြုဆောင်ရွက်နေရသည်။

### စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို စနစ်တကျစီမံဆောင်ရွက်သင့်

စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများအား ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးဆောင်ရွက်လာကြသည်။ အဆိုပါနည်းလမ်းများမှာ 3Rs (Reduce – Reuse – Recycle) ဆိုသည့် စွန့်ပစ်ပစ္စည်းများကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဆိုင်ရာနည်းလမ်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် (Environmentally Sound Waste Management)၊ စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုသည့် ပတ်လည်စီးပွားရေးစနစ် (Circular Economy)၊ ထုတ်လုပ်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်သည့်နည်းလမ်း (Extended Producer Responsibility) နှင့် စွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းပစ္စည်းများအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းတို့ ဖြစ်ကြပါသည်။

**စာမျက်နှာ ၁၉ သို့** ✻

**"သဘာဝသယံဇာတများသည် လူသားများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မှုသည် အကန့်အသတ်ဖြင့် ရှိနေသည်ဖြစ်ရာ သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုခွင့်ရရှိနိုင်ရန် လိုအပ်လှသည်။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ပြီး ကုန်ကြမ်းပစ္စည်းများ၊ အရင်းအမြစ်များအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုခြင်းသည် သဘာဝသယံဇာတများကို စဉ်ဆက်မပြတ်ထုတ်ယူအသုံးပြုနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ကျွန်ုပ်တို့ရှင်သန်နေထိုင်ရာကမ္ဘာကြီး ရေရှည်တည်တံ့ရေးတို့ကို များစွာအထောက်အကူဖြစ်"**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၂၅ | ၂၃၂၀ | ၂၃၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၀၀ | ၂၆၆၀ |
| 95 Ron | ၂၂၈၀ | ၂၃၂၅ | ၂၃၂၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၃၀ | ၂၃၁၀ | ၂၄၀၅ | ၂၄၂၀ | ၂၃၁၅ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၅၈၀ | ၂၇၁၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၂၆၉၅ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၆၀ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၃၀ | ၂၇၃၀ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၆၀ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၃၀ | ၂၇၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၁ | ၂၁၆၆ |
| 95 Ron | ၂၁၇၂ | ၂၂၄၉ |
| HSD (500 ppm) | ၂၃၈၆ | ၂၄၆၃ |
| HSD (50 ppm) | ၂၄၁၃ | ၂၄၉၁ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

✻ စာမျက်နှာ ၁၈ မှ

ယခင်က စွန့်ပစ်ပစ္စည်းများသည် အသုံးမလိုသည့်အတွက် စွန့်ပစ်လိုက်သောပစ္စည်းများ သက်သက်သာဖြစ်ခဲ့ပြီး လက်ရှိကာလတွင် နည်းပညာများ ဖွံ့ဖြိုးလာခြင်းနှင့် တီထွင်ဆန်းသစ်မှုများ တိုးတက်လာခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများနှင့် စွမ်းအင်များအဖြစ် ထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်လာနိုင်မှုများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ နိုင်ငံဝင်ငွေတိုးတက်လာခြင်းနှင့် နိုင်ငံအတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာကြသည်။

သဘာဝသယံဇာတများသည် လူသားများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မှုသည် အကန့်အသတ်ဖြင့် ရှိနေသည်ဖြစ်ရာ သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုခွင့်ရရှိနိုင်ရန် လိုအပ်လှသည်။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ပြီး ကုန်ကြမ်းပစ္စည်းများ၊ အရင်းအမြစ်များအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုခြင်းသည် သဘာဝသယံဇာတများကို စဉ်ဆက်မပြတ်ထုတ်ယူအသုံးပြုနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ကျွန်ုပ်တို့ ရှင်သန်နေထိုင်ရာကမ္ဘာကြီး ရေရှည်တည်တံ့ရေးတို့ကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များကို စနစ်တကျထည့်သွင်းဆောင်ရွက်ကြရန် လိုအပ်သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို အလေးထား ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့မှုနည်းပါးခဲ့ပါက အကျိုးဆက်အဖြစ် ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများကို ရင်ဆိုင်ကြုံတွေ့လာရမည်ဖြစ်ပြီး လူသားများ၊ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိခိုက်မှုများအပေါ် ပြန်လည်ကုစားမှုများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

**စွန့်ပစ်ပစ္စည်းများကို ရေရှည်စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံအနေဖြင့် စွန့်ပစ်ပစ္စည်းများကို ရေရှည်စနစ်တကျစီမံဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)ကို ထုတ်ပြန်ခဲ့ပြီး လက်ရှိအချိန်တွင် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများပူးပေါင်းပြီး







ကိုးကားချက်။ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)

တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်များအထိ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၏ ရေရှည်မျှော်မှန်းချက်မှာ **“မြန်မာနိုင်ငံ၏ တောက်ပသောအနာဂတ်ကို ရည်မှန်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားရန်”**ဖြစ်ပြီး ရည်ရွယ်ချက်မှာ **“မြန်မာနိုင်ငံတွင် ပိုမိုစိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်အခြေအနေကို ရရှိနိုင်ရေးအတွက် ထုတ်လုပ်သူနှင့် စားသုံးသူအားလုံးပူးပေါင်းပါဝင်ခြင်း၊ စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်အသုံးချနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လုံးဝမရှိစေခြင်းနှင့် စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်အသုံးပြုသည့် ပတ်လည်စီးပွားရေးစနစ်ဖြစ်ခြင်းတို့ကို အခြေခံသော ဘက်စုံစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်ရန်”** ဖြစ်သည်။ (ဆက်လက်ဖော်ပြပါမည်)

ဝတ္ထုတို

## ရဲထက်(ရွှေတောင်)




**အခန်း(၁)**

ညအမှောင်ကို ဖောက်ခွင်းထားသော လမ်းမီးရောင်အောက်တွင် ပင်ပန်းမှုအစုံကို ထမ်းပိုးသယ်ဆောင်ရင်း အဆောင်ရှိရာသို့ ပြန်လာခဲ့သည်။ ပျက်ခဲ့ရသည့် နှုတ်ခမ်းနီ၊ မိတ်ကပ်ဖိုးတွေအတွက် ရလာသော ငွေစက္ကူထုပ်လေးကို ပြန်စမ်းရင်း ကျလာသည့် မျက်ရည်စများကို လက်ကိုင်ပဝါစဖြင့် ပြန်သုတ်လိုက်သည်။ နာရီကိုကြည့်လိုက်တော့ နှစ်နာရီကျော်နေပြီ။ လမ်းတစ်လျှောက်လုံးတွင် လူနှင့်တူသော အရာဟူ၍ အရိပ်အယောင်မျှပင်မတွေ့ရ။ မှောင်ရိပ်သည်းသော တချို့နေရာတွေက ကျောချမ်းစရာပင်။ သို့သော် သွားနေကြလမ်း သွားနေကြချိန်ဖြစ်သဖြင့် သူ့အဖို့တော့ ချောက်ချားစိတ်လုံးဝမဝင်မိ။ အဆောင်ရှိရာသို့ ဦးတည်လှမ်းနေသော ခြေလှမ်းများဖြင့် စိတ်အစဉ်က အိမ်သို့လွင့်ပျံသွားလေသည်။

"ပြန်လာခဲ့ပါဦးလားသမီးရယ်..."

အရင်တစ်ခေါက် အမေ့ဆီဖုန်းဆက်တုန်းက အမေပြောခဲ့သော စကားလေးအား နားထဲကြားယောင်လာမိပြန်သည်။ ထိုစဉ်က ငြင်းခဲ့မိသော သူ၏ စကားသံတချို့ကလည်း တစ်ဆက်တည်းဆိုသလို ပျံ့လွင့်လာလေသည်။

"မဖြစ်နိုင်သေးပါဘူး။ အမေရယ်။ ဒီအခြေအနေနဲ့ သမီးပြန်လာလို့ ထမင်းအတူတူငတ်ကြရုံကလွဲရင် ဘာဖြစ်ဦးမှာတဲ့လဲ၊ မောင်လေးနဲ့ ညီမလေးရဲ့ ကျောင်းစရိတ်ကလည်း ရှိသေးတယ် မဟုတ်လား"

စကားသံများကို ပြန်ကြားယောင်ရင်း အသံထွက်အောင်ပင် ရှိုက်လိုက်မိသည်။ မျက်ရည်များဖြင့် နစ်နေအောင် စိုရွှဲနေသည့် လက်ကိုင်ပဝါဖြူဖြူလေးက သူ့ဘဝကို ရည်ညွှန်းနေသည့်အလား။

သူငယ်စဉ်က ပြည့်ပြည့်စုံစုံနေခဲ့ရသော်လည်း ဆယ်နှစ်အရွယ် အဖေဆုံးပါးသွားသည့်နောက်မှာတော့ အိမ်ရဲ့ စီးပွားရေးဟာ တစ်ဟုန်ထိုး ထိုးကျသွားလေသည်။ မည်မျှအထိ ထိုးကျသွားသည်ဆိုလျှင် တိုက်နှင့်တာနှင့် နေနိုင်သည့် အခြေအနေမှ ယခုတဲသာသာအိမ်ကလေးမျှသာ ကျန်တော့သည်အထိဖြစ်သည်။ ပြည့်စုံခဲ့စဉ်က မော့ကြည့်ခဲ့ကြသော မျက်လုံးအစုံတို့သည် နွမ်းပါးလာခဲ့ချိန်မှာတော့ တောင်ထိပ်မှ တောင်ခြေသို့ ငုံ့ကြည့်နေကြသည့်အလား သူတို့ကို နှိမ့်ချချင်သော အကြည့်များအဖြစ် ပြောင်းလဲကုန်ကြသည်။ ထိုအကြည့်များကိုလည်း နည်းနည်းလေးမှ သူလက်သင့်မခံချင်။ ထို့ပြင် အိမ်စီးပွားရေးအခြေအနေကြောင့် ပညာကုန်စင်အောင်မသင်ရဘဲ ကျောင်းထွက်ခဲ့ရသည့် သူ့လိုအဖြစ်မျိုး မောင်လေးနှင့် ညီမလေးကို မဖြစ်စေချင်။

ထိုမခံချင်စိတ်တွေကြောင့် မြို့သို့ အရဲစွန့်တက်ခဲ့သော်လည်း ပညာအရည်အချင်းမပြည့်စုံသဖြင့် မည်သည့်အလုပ်ကမှ လက်မခံချင်ကြ။ နောက်ဆုံးတော့ မရရသည့် အလုပ်လုပ်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ဤအလုပ်ကို လုပ်ခဲ့ရခြင်းပင်။ အမှန်တိုင်းဆိုလျှင် သည်အလုပ်ကို နည်းနည်းလေးမှ မနှစ်မြို့။ သို့သော် ဘဝပေးအခြေအနေအရ မလုပ်မဖြစ်၍သာ နာကြည်းခါးသီးမှုများကို အံကြိတ်မြိုသိပ်၍ လုပ်နေရသည်။

**အခန်း(၂)**

အဆောင် ပြန်ရောက်ရောက်ချင်း အိပ်ရာထဲတန်းဝင်ကာ ခြေပစ်လက်ပစ်ပစ်ချကာ ချက်ချင်းပင် အိပ်ပျော်သွားခဲ့သည်။ နောက်တစ်နေ့မနက် အိပ်ရာထတော့ တစ်ကိုယ်လုံးကို ကိုင်ရိုက်ထားသည့်အလား။ ကိုယ်လည်း နည်းနည်းပူနေသည်။ ဆေးခန်းသွားပြမည်တွေးပြီးမှ စုဘူးကိုလှမ်းမြင်မိပြီး ဆေးခန်းပြမည့် ပိုက်ဆံကို စုဘူးထဲထည့်ကာ စားပွဲပေါ်မှ အသင့်ကျန်ရှိနေသော ဒီကိုဂျင်နှင့်ဖလူဇာကိုသာသောက်၍ မှိန်းနေလိုက်သည်။

မွန်းတည့် ဆယ့်နှစ်နာရီလောက်ရောက်တော့ အဆောင်ရှေ့မှ ကားဟွန်းတီးသံကြားလိုက်ရသဖြင့် လန့်နိုးလာခဲ့သည်။ ဆေးသောက်ထားသောကြောင့်လားမသိ။ နည်းနည်းတော့ သက်သာလာသည်။ ကားဟွန်းကို အဆက်မပြတ်တီးနေသဖြင့် အဆောင်ရှေ့ကို ထွက်ကြည့်လိုက်တော့ သူ့ကိုခေါ်နေကျ ဖောက်သည်ဦးလေးကြီးပင်ဖြစ်သည်။

"ဖြူစင် ခုညအားတယ်မလား ကိုကြီးနဲ့လိုက်ခဲ့ကွာ"

"ဖြူစင် နေမကောင်းဘူး။ ကိုကြီး ခုည မလိုက်နိုင်သေးဘူး"

ဖြူစင် ငြင်းပြီးကာမှ နယ်က သူ့ရဲ့ တဲသာသာ အိမ်စုတ်လေးကို ပြေးမြင်မိပြန်သည်။ ထို့နောက် အမေ၊ မောင်လေးနှင့် ညီမလေးတို့မျက်နှာက အစီအရီမြင်ယောင်လာပြန်သည်။

"လိုက်ခဲ့ပါ့ ဖြူစင်ရယ် ကိုကြီးဈေးပိုပေးပါ့မယ်"

တစ်ဖက်က ဈေးပိုပေးမည်ဆို၍ ဖြူစင်စဉ်းစားနေသည်။ ခါတိုင်းဆိုလျှင်တော့ တစ်ညကို ဆယ်သိန်းရမှ လိုက်တတ်သူဖြစ်သည်။ အခုညတော့ ဘာပဲဖြစ်ဖြစ် ဖြူစင်ဈေးပိုတောင်းရမည်ဟု ဆုံးဖြတ်လိုက်လေသည်။

"အခုည ငါးဆယ် ပေးနိုင်မလား"

"ငါးဆယ်နည်းတာပေ့ါ။ ရှစ်ဆယ်ပေးမယ်ဗျာ။ ကဲ ဘယ်လိုလဲ လိုက်မှာလား"

ဖြူစင် ခေါင်းညိတ်လိုက်လေသည်။

ထိုညက ဖြူစင့်ကို အဆောင်ရောက်အောင်ဖောက်သည်ဦးလေးကြီးကိုယ်တိုင် ကားနှင့်လိုက်ပို့ပေးခဲ့သည်။ အဆောင်ပြန်ရောက်သည်ကိုပင် ဖြူစင်မသိတော့။ ပင်ပန်းနွမ်းနယ်လွန်းလှပြီ။ တစ်ညလုံးလည်း အိပ်မက်တွေ ဂယောင်ချောက်ချားနှင့် ကောင်းကောင်းအိပ်မပျော်ခဲ့။ မနက်ကိုးနာရီခွဲမှ အိပ်ရာမှ နိုးလာခဲ့သည်။ လေးတွဲ့တွဲ့ဆိုင်းနေသော ခြေလက်တို့သည် အိပ်ရာမှထရန်ပင် မစွမ်းသာတော့။ ထို့နောက် ခေါင်းအုံးဘေးမှ ဖုန်းကိုစမ်းကာ သူငယ်ချင်း သော်တာ့ကို ဖုန်းဆက်၍ အဆောင်လာခဲ့ပေးရန် ပြောလိုက်သည်။

သော်တာ ရောက်လာတော့ သူ့ကိုမြင်ပြီး အလွန်အံ့ဩ ထိတ်လန့်သွားရလေသည်။ ဖြူဖတ်နေသော နှုတ်ခမ်း၊ ညိုမည်း၍ ခွက်နေသော မျက်တွင်း၊ ခြောက်သွေ့နေသော အသားအရေတို့သည် သော်တာ့ကို ထိတ်လန့်စွာ မှင်သက်သွားစေသည်။

"မတွေ့ရတဲ့ တစ်ရက် နှစ်ရက်အတွင်းမှာ ဒီလောက်တောင်ဖြစ်သွားရလား ဖြူစင်ရယ်"

ဖြူစင့်ဘေးကိုဝင်ထိုင်ကာ ဖြူစင့်လက်ကိုဆုပ်ကိုင်ရင်း ပြောလေသည်။ ထို့နောက် ဖြူစင့်ကို ဆေးခန်းသွားပြပေးခဲ့သည်။ တစ်ပတ်ဆယ်ရက်လောက် အနားယူရန်လည်း သေချာမှာခဲ့သေးသည်။

**အခန်း(၃)**

"အမေရေ အမေ ဒီမှာ မမဆီက ဖုန်းလာနေတယ်။ အမေနဲ့ပြောချင်လို့တဲ့"

"ဟယ်လို သမီးလေး နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် အမေ၊ အမေ့ကို သမီး အရေးတကြီး ပြောစရာရှိတယ်။ သေချာနားထောင်နော် အမေ"

"အေးပြောလေ သမီး အမေနားထောင်နေပါတယ်"

"နောက် သုံးလလောက် နေပြီးရင် သမီးပြန်လာတော့မယ်၊ ဒါပေမဲ့ သမီးပြန်လာရင် အမေ့ရဲ့ တဲသာသာအိမ်လေးကို မမြင်ချင်တော့ဘူးအမေ။ သမီးပြန်လာရင် လူတွေရှေ့မှာ ခေါင်းမော့ပြီးပဲ လျှောက်ချင်တယ်။ အဲတော့ အခုသမီး စုထားတဲ့ငွေအားလုံး လွှဲပေးလိုက်မယ်။ အဲဒီငွေတွေနဲ့ တိုက်ခံအိမ်ကောင်းကောင်း တစ်လုံးဆောက်ပါ အမေ။ အမေ့ရဲ့ အကြွေးတွေကိုလည်း အကုန်ကြေအောင် ဆပ်ပါ။ အိမ်ကိုတော့ ဆောက်ဖြစ်အောင် ဆောက်ပါအမေ။ အိမ်ဆောက်ပြီးရင်လည်း အိမ်ရှေ့မှာ ကုန်စုံဆိုင်ဖွင့်ပါ။ သမီးနောက်သုံးလနေရင် ပြန်လာခဲ့မယ်။ သမီးပြန်မလာခင် အပြီးလုပ်ထားပါအမေ"

"အေးပါ သမီးရယ် သမီးဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမှာပေ့ါ။ စိတ်ချပါ သမီးပြန်မလာခင် သုံးလအတွင်း အမေအပြီးစီစဉ်ထားပါ့မယ်"

ဖုန်းပြောအပြီးတွင် အမေဖြစ်သူခမျာ ဝမ်းသာမျက်ရည်စို့ရှာလေသည်။

"ဖြူစင်ရေ ဖြူစင်"

ခေါ်သံကြောင့် အိမ်ရှေ့တံခါးဝကို ကြည့်လိုက်ရာ သော်တာ့ကိုတွေ့လေသည်။

"အင်း သော်တာ လာလေထိုင်"

စီးကျလာနေသော မျက်ရည်ကို သုတ်ရင်းပြောသည်။

"ဟယ် ဖြူစင် နင်ငိုနေတာလား"

"အေးဟာ ငါ အမေနဲ့ဖုန်းပြောပြီး အမေ့ကိုလွမ်းတာနဲ့ ငိုနေမိတာ၊ ငါနင့်ကို အကူအညီတစ်ခု တောင်းချင်တယ်"

"အေး ပြောလေ သူငယ်ချင်း ငါဘာကူညီပေးရမလဲ"

"ငါ မနက်ဖြန် ရွာကိုပြန်တော့မယ် သော်တာ"

"ဟယ် ဖြုန်းစားကြီးပါလား"

"ဒီလိုပါပဲ ကိစ္စလေးရှိလို့"

"ဒါနဲ့ ငါက ဘာကူညီရမှာလဲ"

သော်တာက ကြားဖြတ်ဝင်မေးသည်။ ဖြူစင်က ခေါင်းအုံးအောက်မှ စာတစ်စောင်ဆွဲထုတ်လိုက်သည်။

"ဒီလိုပါ ငါပြန်သွားပြီး နောက်လေးလကြာရင် ဒီစာလေးကို ဒီလိပ်စာအတိုင်း နင်ကိုယ်တိုင် အရောက်သွားပေးပေးပါ။ ဒီကြားထဲတော့ ဒီစာကို လုံးဝဖောက်မဖတ်ပါနဲ့။ ဟိုရောက်မှ ဟိုက လူတွေနဲ့ အတူတူဖတ်ပေ့ါဟာ နော်။ အဲကတိတစ်ခုတော့ ငါ့ကိုပေးပါဟာ"

စာကို သော်တာလက်ထဲကမ်းပေးလိုက်သည်။

"အေးပါ သူငယ်ချင်းရယ် နင့်ဆန္ဒအတိုင်း ငါဖြစ်အောင် လုပ်ပေးပါမယ်။ နင်လည်း နင့်မိသားစုနဲ့ ပျော်ရွှင်အောင် နေနိုင်ပါစေဟာ"

**အခန်း(၄)**

"အမေ အိမ်ရှေ့မှာ ဧည့်သည့်ရောက်နေတယ်"

သမီးငယ်၏ စကားကြောင့် အိမ်ရှေ့သို့ထွက်လာခဲ့သည်။

"ဘာကိစ္စများလဲကွယ်"

"ဒါ ကိုပြည့်စုံတို့အိမ်လား မသိဘူးရှင့်"

"ဟုတ်ပါတယ် မမ သားကပြည့်စုံပါ"

ဈေးခုံနောက်မှထွက်လာသော အသံဖြစ်သည်။ အသံရှိရာသို့လှမ်းကြည့်လိုက်တော့ ဆယ့်သုံးနှစ်အရွယ်ခန့် ကလေးငယ်တစ်ယောက်ကို တွေ့ရသည်။ သော်တာ မယုံနိုင်အောင်ဖြစ်ခဲ့ရသည်။ စာအိတ်ပေါ်မှ လိပ်စာကို တစ်ခေါက်ပြန်ကြည့်သည်။ ဟုတ်သည်။ စာအိတ်ပေါ်မှာ ကိုပြည့်စုံလို့ရေးထားသည်။ သူမမှား။ ဒါဆို အိမ်မှားလာခြင်းပေလား။ သူ့စိတ်ထဲက တွေးနေမိသည်။

"ဘာ အကြောင်းရှိလို့ပါလဲကွယ်"

"ဒီ ဒီလိုပါ ကျွန်မက ဖြူစင့်သူငယ်ချင်း သော်တာပါ။ သူက လိပ်စာကို ဒီစာပို့ပေးခိုင်းလို့ပါ။ အဲဒါအိမ်များ မှားနေပြီလား မသိဘူး"

"ဒီအိမ်က ဖြူစင့်အိမ်ပါ။ သူက စာပေးခိုင်းလိုက်တယ်ဆိုတော့ သူက အခု ဘယ်မှာလဲ"

"ရှင်"

"ဒါ ဒါ ဖြူစင့်အိမ် ဟုတ်လား။ ဒါဆို သူက ဘာလို့ ဒီစာကိုပို့ခိုင်းရတာလဲ"

"ဟင် အဲဒါ တို့မေးရမှာ မဟုတ်ဘူးလား၊ သူခုဘယ်မှာလဲ ဟမ် အန်တီကို ပြောပါဦး သူခုဘယ်မှာလဲ"

"သူ သူက လွန်ခဲ့တဲ့လေးလကတည်းက အိမ်ကိုပြန်မယ်ဆိုပြီး ပြန်သွားခဲ့တာလေ။ ခုသူ ဒီမှာ မရှိဘူးလား"

"ဘယ်လို လွန်ခဲ့တဲ့လေးလလောက်ကတည်းက ဟုတ်လား အန်တီဖြင့် စိတ်တွေပူလှပြီ သမီးရယ် လုပ်ပါဦး သူပေးခိုင်းတဲ့ စာကို ဖွင့်ဖတ်ကြည့်ပါဦး"

ဖြူစင့်အမေ၏ စကားအဆုံး၌ သော်တာစာကို ချက်ချင်းဖွင့်ဖတ်လိုက်သည်။

"သမီးအရမ်းချစ်ရတဲ့ မေမေရေ၊ မေမေနဲ့ သော်တာ ဒီစာကိုဖတ်နေချိန်မှာ သမီးဖြူစင် လူ့လောကကြီးထဲမှာ မရှိတော့ပါဘူး။ သော်တာရေ နင့်ကိုလှည့်စားခဲ့မိတဲ့အတွက်လည်း တောင်းပန်ပါတယ်ဟာ။ တကယ်တော့ လွန်ခဲ့တဲ့လေးလမတိုင်ခင် နင်နဲ့ငါ ဆေးခန်းသွားပြစဉ်ကတည်းက ငါ့မှာ AIDS ဆိုတဲ့ ရောဂါဆိုးကြီးရှိနေခဲ့တာပါ သူငယ်ချင်း"

သော်တာနှင့် အမေ မျက်ရည်တွေကြားမှ တစ်ယောက်မျက်နှာ တစ်ယောက် မော့ကြည့်လိုက်ကြသည်။ အတွေးကိုယ်စီကို ခေတ္တရပ်ပြီး စာကိုဆက်ဖတ်လိုက်သည်။

"ဟုတ်ပါတယ် သူငယ်ချင်း၊ ဒီကိစ္စကို နင့်အပေါ်မှာ လှို့ဝှက်ခဲ့ရတဲ့အတွက်လည်း ထပ်ပြီး တောင်းပန်ပါတယ်၊ မေမေ့ကိုရော သမီးတောင်းပန်ပါတယ်၊ ဒီရောဂါကြီး သမီးမှာ ရှိနေပြီလို့ သိရကတည်းက သမီးအိမ်ပြန်လို့ မဖြစ်တော့ဘူးဆိုတာ သမီး သိလိုက်ရပါတယ်။

မေမေ သမီးဘာအလုပ်လုပ်တာလဲလို့ ခဏခဏမေးတိုင်း သမီးလိမ်ခဲ့ရတာတွေ အခုဆို သမီးဖြေစရာမလိုဘဲ မေမေ သိနေလောက်ပြီလို့ ထင်ပါတယ်။ ဒီရောဂါကြီး ရင်ဆိုင်ရတော့မယ်ဆိုတော့ သမီး မေမေ့ဆီကို အပြေးပြန်လာချင်မိတယ်။ မေမေ၊ ဒါပေမဲ့ မေမေ သမီးရဲ့ တစ်ခုတည်းသော ရည်မှန်းချက်က သမီးကို မေမေ့ဆီ ပြန်လာခွင့် မပေးခဲ့ဘူးမေမေ။

အဲဒီတော့ သေမိန့်ကျပြီးသား လူတစ်ယောက်လို တစ်နေ့သေရတော့မှာ သိလျက်နဲ့ ငွေကုန်ခံပြီး မကုသချင်တော့ပါဘူး။ မေမေရယ် အဲဒီငွေတွေနဲ့ သမီးကို ကုလိုက်ရင် သမီးမရှိတော့တဲ့အခါ အမေတို့ ဒုက္ခရောက်ရလိမ့်မယ်။ အဲဒါကြောင့် အဲဒီငွေတွေနဲ့ အိမ်ဆောက်ပြီး ဈေးဆိုင်တည်ခိုင်းခဲ့တာပါ။ မေမေ သမီးကိုခွင့်လွှတ်ပါမေမေရယ်။ သမီး ဘဝတစ်လျှောက်လုံး ငိုကြွေးခဲ့ရတဲ့မျက်ရည်တွေဟာ မေမေနဲ့ မောင်လေး ညီမလေးတို့ဘဝအတွက် ပျားရည်လို ချိုမြစေမယ်ဆိုရင်ပဲ သမီး ကျေနပ်ပါတယ် မေမေရယ်။ မေမေ့ကို သမီး ကန်တော့ခဲ့ပါတယ်။ မေမေသိပ်ချစ်တဲ့ သမီးလေးဖြူစင်"

စာဖတ်၍ အပြီးတွင် သော်တာနှင့် ဖြူစင့်အမေ ရှိုက်ကြီးတငင်ငိုချလိုက်လေတော့သည်။

ဘဝမှာ အရှုံးရှာဆုံး အလုပ်တစ်ခုကို လုပ်ပြီး ပေးဆပ်ခဲ့ရတဲ့ အရှက်နဲ့သိက္ခာတရားတွေအတွက် လူမသိသူမသိ အကြိမ်ပေါင်းများစွာ ကြိတ်ငိုခဲ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ ငိုခဲ့ရတဲ့ ထိုမျက်ရည်များသည် သူ့မိသားစု၏ နောင်ရေးအတွက် ချိုကြည်မွှေးမြသော ပျားရည်တစ်စက်ဖြစ်ခဲ့လျှင်ပဲ အဝေးတမလွန်ဆီမှ သူအတိုင်းမသိ ဝမ်းသာနေမိတော့မည်မှာ အမှန်ပင်ဖြစ်လေတော့သည်။ ။

ဆောင်းပါး

# ဘိုးဘွားမိဘ စောင့်ရှောက်ကြ

**မင်းသိန်းထက်(ဇလပ်မြေ)**

ဇာတိရလာလျှင် ဇရာကြုံရမည်ဆိုသော လောကနိယာမအတိုင်း ခန္ဓာရရှိလာသူ မှန်သမျှမှာ တစ်ချိန်ချိန်တွင် အိုမင်းသောဘဝသို့ ရောက်ရှိကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ ယနေ့ ကျွန်တော်တို့ လူငယ်များသည်လည်း နောင်တစ်ချိန်တွင် ဇရာဟူသော အိုမင်းခြင်းနှင့် မလွဲမသွေ ရင်ဆိုင်ကြရပေမည်။ထို့ကြောင့် လူသားချင်း စာနာစိတ်၊ တရားမျှတသောစိတ်တို့ဖြင့် ကျွန်တော်တို့အပေါ် ငယ်စဉ်ဘဝမှ ယခုတိုင်အောင် စောင့်ရှောက်ပေးခဲ့သော မိဘများ၊ ဘိုးဘွားများကို ပြန်လည်စောင့်ရှောက် သိတတ်ကြရပေမည်။ မိဘ၊ ဘိုးဘွားများအပေါ် ကျေးဇူးဆပ်၍ စောင့်ရှောက်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်ကြောင်းကို သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားက လမ်းညွှန်ဟောကြား ဆုံးမတော်မူခဲ့ပေသည်။

ယနေ့ လူငယ်အပေါင်းတို့ကို မွေးဖွားသန့်စင်၍ လူ့လောကအတွင်းဝယ် လှပတင့်တယ်စေရန် ကြိုးစားပေးခဲ့ကြသည်မှာ လက်ဦးဆရာဖြစ်သော မိဘ၊ ဘိုးဘွားများပင် ဖြစ်သည်။ ထို့ကြောင့် သူတို့၏ တာဝန်ကျေပွန်ခဲ့ကြလေပြီ။ ကျွန်တော်တို့ လူငယ်များအနေဖြင့် သား၊ သမီးကျင့်ဝတ်ကို ကျေပွန်စေရေး ကြိုးစားကြရပေမည်။ စာရေးသူငယ်စဉ်က ဖေဖေ၏ ဆုံးမစကားများကို သတိရနေပါသေးသည်။ ဖေဖေသည် လယ်သမားတစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့ ငယ်စဉ်က ကျေးလက်ဒေသတွင် နွားများကို အသုံးပြုပြီး လယ်ယာထွန်ယက်စိုက်ပျိုးကြသည်။ ကျွန်တော်တို့အိမ်မှ နွားကြီး အိုမင်းလာသောအခါ ဖေဖေသည် သူ့ကို ဘာအလုပ်မျှ မခိုင်းတော့ပါ။ နုပျိုစဉ်ကထက်ပင် ပို၍ ဂရုစိုက်ပါသေးသည်။ နွေဦးရာသီ မြက်နုများရှားပါးချိန်တွင်ပင် ဖေဖေသည် မြက်နုကလေးများကို တကူးတက ရှာဖွေပြီး ကျွေးတတ်ပါသည်။ ထိုစဉ်က ဖေဖေ့စကားလုံးများကို ကျွန်တော် အလွတ်ရနေပါသေးသည်။ “သားကြီးရေ စားကွ၊ မင်းဖို့ အဖေရိတ်လာတာ” ဟု ပြောပြီး တယုတယနှင့် ကျွေးမွေးစောင့်ရှောက်ပါသည်။ ငါ့သားသမီးတွေလည်း မှတ်ထားကြပါ။ တိရစ္ဆာန်တွေကို ငယ်စဉ်အခါက ခိုင်းစားကြပြီး အိုမင်းလာတော့မှ ပစ်ပယ်မထားကြနဲ့၊ ရောင်းမစားကြနဲ့၊ ဘယ်တော့မှ လူယုတ်မဖြစ်ကြစေနဲ့ဆိုပြီး ကျွန်တော်တို့ကို ဆုံးမသြဝါဒပေးပါသည်။

ကျွန်တော့်ဖေဖေ ပြောသလိုပင် တိရစ္ဆာန်တို့၏ ကျေးဇူးတရားများကို ထောက်ထားသိသင့်သည်ဆိုလျှင် မိဘ၊ဘိုးဘွားများ၏ ကျေးဇူးတရားများကို သိရှိပြီး တာဝန်ကျေပွန်သင့်ကြသည်မှာ အထူးပြောနေစရာမလိုပေ။ လူငယ်များအနေဖြင့် သား၊ သမီး ကျင့်ဝတ်ကို သိရှိခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် “လောကနီတိ” ကို ကျင့်သုံးခြင်းပင်ဖြစ်သည်။ ပြည်သူပြည်သားတစ်ယောက် သိရမည့်စည်းကမ်း၊ လိုက်နာကျင့်သုံးရမည့် စည်းကမ်းကို “ပြည်သူ့နီတိ”ဟု ခေါ်ပါသည်။ တိုင်းပြည်တွင် နေထိုင်လျှင် တိုင်းပြည်၏ စည်းကမ်းဖြစ်သော “ပြည်သူ့နီတိ” ကို လိုက်နာကြရပေမည်။ နီတိဆိုသည်မှာ “သိရမည့် အရာ၊ လိုက်နာရမည့် အရာ” ဖြစ်သည်။ ပြည်သူ့နီတိကို ပြည်သူတိုင်းက လိုက်နာကြမှသာ ထိုတိုင်းပြည်သည် သာယာဝပြော ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ပြည်သူ့နီတိကိုပင် လိုက်နာကျင့်သုံးသင့်သည်ဆိုပါလျှင် လောနီတိကို ပို၍ပင် လိုက်နာကျင့်သုံးအပ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် လောကနီတိသည် ပြည်သူ့နီတိထက် ပို၍သာလွန်မြင့်မြတ်ပြီး ကောင်းမွန်ခြင်းကြောင့် ဖြစ်သည်။ ပြည်သူ့နီတိကို လိုက်နာကျင့်သုံးခြင်းသည် တစ်ဘဝသာလျှင် ငြိမ်းချမ်းသာယာကောင်းမွန်မည်ဖြစ်သည်။ လောကနီတိကို လိုက်နာကျင့်သုံးကြမှသာ နိဗ္ဗာန်ချမ်းသာမရရှိသေးခင် ဘဝသံသရာ အဆက်ဆက်တိုင်းတွင် ငြိမ်းချမ်းသာယာပြီး ကောင်းမွန်ပြည့်စုံသောဘဝကို ရရှိနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့်လည်း လောကနီတိ များစွာထဲမှ တစ်ခုဖြစ်သော မိဘ၊ ဘိုးဘွားများ၏ ကျေးဇူးတရားများကို သိရှိကြပြီး ကျေးဇူးဆပ်ကာ တာဝန်ကျေပွန်သင့်ကြလေသည်။ နိုင်ငံတော်အနေဖြင့်လည်း သူတို့နုပျိုစဉ်က တိုင်းပြည်ကောင်းကျိုးအတွက် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသည့် ကျေးဇူးတရားများကို ထောက်ထား၍ ဘိုးဘွားရွယ်အိုတို့ဘဝ သာယာစိုပြည်ရေးကို ပို၍အကောင်အထည်ဖော် လုပ်ဆောင်ကြရပေမည်။သို့သော် စားဝတ်နေရေးကို ပြည့်စုံအောင် ပြုလုပ်ပေးရုံမျှဖြင့် မိဘ၊ ဘိုးဘွားတို့၏ဘဝမှာ အမှန်တကယ် မစိုပြည်နိုင်ပေ။ လူ့သဘာဝအရ မည်သူမဆို လူ့လောကထဲတွင် အသုံးဝင်သော လူသားများသာ ဖြစ်ချင်ကြပေသည်။ ပတ်ဝန်းကျင်၏ အသိအမှတ်ပြုခြင်းကို ခံယူလိုကြပေသည်။ အသက်ရှင်နေပါလျက် ဘဝသေနေခြင်းမျိုးကို မည်သူမျှ မလိုချင်ကြပါ။ ထို့ကြောင့် မိဘ၊ ဘိုးဘွားများကို ပစ်မထားဘဲ ဂရုစိုက်ပေးမှသာ သူတို့၏ဘဝမှာ အမှန်တကယ် စိုပြည်သာယာလာမည် ဖြစ်သည်။

အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကျွန်တော်တို့ မြန်မာနိုင်ငံရှိ မိဘ၊ဘိုးဘွားများမှာ ကံကောင်းကြရှာသေးသည်။ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ဆိုလျှင် မိဘ၊ ဘိုးဘွားများကို ရေချိုးခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းလှီး၍ သန့်စင်ပေးခြင်း၊ ဆေးဝါးအာဟာရများ လှူဒါန်းခြင်း၊ ပူဇော်ကန်တော့ကြခြင်း စသည့်လောကနီတိများကို ပြုလုပ်ကြပေသည်။ ထိုသို့ လောကနီတိကို ကျင့်သုံးရာတွင် ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဂုဏ်ယူဖွယ်ရာ ကောင်းလောက်အောင် ရှိကြပေသည်။ ထိုအခါ “မိဘ၊ ဘိုးဘွားများသည် သူတို့ငယ်စဉ်က ကြိုးစားခဲ့မှုများကို ယနေ့ခေတ်လူငယ်များက အသိအမှတ်ပြုကြပေတကား”ဟု အသိစိတ်ဖြင့် ပီတိဖြစ်ကြပြီး ဘဝတွင် စိုပြည်သာယာလာကြပေသည်။ ထို့ကြောင့်လည်း မိဘဘိုးဘွား၊ သက်ကြီးရွယ်အိုများ၏ ဘဝစိုပြည်ရေးကို အထူးအလေးထား ဆောင်ရွက်သင့်ကြပေသည်။ ကျွန်တော်တို့သည် မိဘ၊ ဘိုးဘွားများ အိုမင်းလာကြချိန်တွင် “ကေဒါရကျေးမင်း၏ထုံးကို နှလုံးမူကာ ကြွေးမြီဟောင်းဖြစ်သော ကျေးဇူးများကို ပြန်ဆပ်ကြရမည်” ဖြစ်သည်။

မိဘ၊ဘိုးဘွားများ ဇရာထောင်း၍ အိုမင်းလာကြသောအခါ ရုပ်ပိုင်းဆိုင်ရာများတွင် အခြားသူများအပေါ် အားကိုးအားထား ပြုလာကြရပေသည်။ အခြားသူက တွဲမှ၊ ထူမှ၊ ဖေးကူပေးမှသာ လှုပ်ရှားသွားလာနိုင်ကြတော့သည်။ မိမိတို့ကိုယ်တိုင်လည်း လူ့ဘဝတွင် သက်တမ်းစေ့အောင် နေကြရမည်ဆိုလျှင် အိုမင်းလာခြင်းကို ရှောင်၍မရနိုင်ပေ။ ထို့ကြောင့် ကိုယ်ချင်းစာနာ၍ နားလည်စောင့်ရှောက်မှုပေးသင့်ကြပေသည်။ မိဘ၊ ဘိုးဘွားများ၏ အသိပညာများ၊ အတတ်ပညာများ၊ အတွေ့အကြုံများသည် မျိုးဆက်သစ်လူငယ်တို့အတွက် နည်းလမ်းကောင်းများ ဖြစ်လာခဲ့ပေသည်။

မိဘဘိုးဘွားများ၊ သက်ကြီးရွယ်အိုများသည် သူတို့ငယ်စဉ်က လူ့လောကကြီးအတွက် တတ်စွမ်းသမျှ ကောင်းကျိုးပြုခဲ့သူများ ဖြစ်ပေသည်။သူတို့၏ စွမ်းဆောင်ခဲ့မှုများကြောင့်သာ လူ့ဘောင်လောကသည် ယနေ့အခြေအနေသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် မိဘ၊ဘိုးဘွားများ၏ဘဝ ကျန်းမာပျော်ရွှင်စေရေးအတွက် စေတနာ၊ မေတ္တာ၊ အကြင်နာတရားများကို လက်ကိုင်ထား၍ စောင့်ရှောက်ပေးကြခြင်းဖြင့် လောကနီတိကို အတူတူလိုက်နာ ကျင့်သုံးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။ ။

■

## မိုးဦး အဆွေး

လျှပ်ပန်းရယ် ငြိုးအစ
ပျိုးချတဲ့ တို့လယ်ယာ
စိမ်းနုမြေလွှာ။
ထွန်ရေးရဲ့ ပျော်စရာ
ဟိုတောင်မှာ ညို့ညို့မှိုင်း
မိုးတိမ်ကစိုင်း။
လေရိုင်းတွေ မလာစမ်းနဲ့
ယာစခန်း မြနှစ်ယူ
လေညင်းသာကူ။
တောပန်းရဲ့ မွှေးကြူကြူ
ပျိုဖြူတို့ ကောက်စိုက်တေး
နားဝင်ချိုအေး။
နွေးဖို့ရာ နေခြည်ဖောက်
ပျိုကြောက်တဲ့ မျှော့ကိုက်ဒဏ်
ရှုံ့စော်ကန်။
ကူပါကွဲ့ နားချိန်တန်
အိမ်အပြန် လယ်တောဟင်း
ကန်စွန်းတစ်ခင်း။
ယမင်းခင် မိုးဦးအတွေး
ပြန်ဆွေးလို့ လွမ်းမောဖွယ်
မြို့ကြီးရပ်မယ်။
စိမ်းမြမြ ကောက်ပင်သွယ်
ချောင်းဆွယ်က သပြေသီး
တမ်းတလို့ငြီး။ ။

ဆွေသံစဉ်ဟာန်(ကျိုက်လတ်)

## ပညာ့ရင်ပြင် ပန်းဥယျာဉ်

ခေါင်းလောင်းသံလေး တေးချိုလွင်
ကျောင်းဖွင့်ချိန်ခါပင်။
စိမ်းဖြူဝတ်ဆင် ပန်းတစ်ခင်း
ဖူးပွင့်ရနံ့သင်း။
ချစ်ခင်ရင်းနှီး ပျော်ရွှင်စွာ
နှုတ်ဆက်မင်္ဂလာ။
ကြိုဆိုကာလေ လက်ချင်းယှက်
ပညာရေးအတွက်။
မျိုးဆက်သစ်များ သံပြိုင်ဆို
ပြည်ချစ်သီချင်းကို။
ချွေးသိပ်ခိုရာ စာသင်ခန်း
ကိုယ်နှုတ်စိတ်ရွှင်လန်း။
ပညာရေးလမ်း ရေပြင်ကျယ်
ကြိုးစားတို့လူငယ်။
ဘဝနယ်ပယ် တိုးတက်ရေး
စာသင်ကျောင်းက ပန်းနှယ်မွှေး။

မင်းဝေအောင်(ရဲကျွန်း)

..............................................

## အနာဂတ်ရဲ့ ကြယ်ပွင့်များ

ကျောင်းဥယျာဉ်မှာ ပန်းလေးတွေ
ဖူးပွင့်ကြပြီလေ၊
ရနံ့ဝေပြီး ထုံကာသင်း
ရောင်နီဖြာလို့လင်း။
ဖြူစင်သန့်ရှင်း ချစ်စဖွယ်
အပြစ်ကင်းလှတယ်၊
ကျောင်းနေအရွယ် ကလေးတို့
ပညာရင်နို့စို့။
ဉာဏ်မချို့ဖို့ စာကိုသင်
တန်ဖိုးရှိစေချင်၊
အနာဂတ်တွင် ပန်းလိုမွှေး
ပြုစုပျိုးထောင်ပေး။
ပညာရေးမို့ လက်ကမ်းကြို
ကျောင်းသူ၊ကျောင်းသားဆို၊
အချိန်တွေကို အလေးထား
စာသင်ကြစို့လား။
ဆရာ့စကား နားစိုက်ထောင်
ရိုးဖြောင့်ဂုဏ်ကိုဆောင်၊
အောင်မြင်မှုဆီ အရောက်ပို့
ကျောင်းကိုသွားကြစို့။ ။

သီရိဟာန်နိုင်(ပုလဲ)

# စိုးရိမ်ဖွယ်ရာတစ်ခုတည်းသောဤကမ္ဘာ

ဒေါက်တာမောင်ကျော်-ပါမောက္ခချုပ်(ငြိမ်း)

### ပြဿနာများစွာရဲ့ ဇာစ်မြစ်

“ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံအထိ ကြောက်ခမန်းလိလိ တိုးပွားလာတာဟာ ပြဿနာများစွာရဲ့ ဇာစ်မြစ်၊ ဒုက္ခအပေါင်းရဲ့တရားခံလို့” ၂၀၁၄ ခုနှစ် မတ်လ၊ မနီလာဟိုတယ်၊ အနာဂတ်ကမ္ဘာ ခေါင်းစဉ်နဲ့ Dr Yuan T Lee, (Nobel Laureate)က ဟောသွားခဲ့ပါတယ်။

ဒီလူဦးရေဟာ ၁၉၀၀ ပြည့်နှစ်က သုံးဘီလီယံ၊ ၂၀၀၀ ပြည့်နှစ်မှာ ခြောက်ဘီလီယံ ဖြစ်လာပါတယ်။ ၂၀၄၀ ပြည့်နှစ်လောက်ရောက်ရင် ရှစ်ဘီလီယံနားရောက်မယ်လို့ ခန့်မှန်းပါတယ်။ ၂၀၅၀ ပြည့်နှစ်မှာဆိုရင် ၁၀ ဘီလီယံကျော်မယ်လို့ ကုလသမဂ္ဂလူဦးရေနှင့် ရန်ပုံငွေအေဂျင်စီက ခန့်မှန်းပါတယ်။

“ကမ္ဘာ့လူဦးရေဟာ ၂ ဒသမ ၅ ဘီလီယံဆိုရင် သက်သောင့်သက်သာနဲ့ အတော်ပဲလို့” Dr Yuan T Lee က ဆက်လက်ဟောသွားခဲ့ပါတယ်။ လူဦးရေ အလွန်အမင်းတိုးပွားမှုဟာ အစားအစာ၊ ရေကောင်းရေသန့်နဲ့ လျှပ်စစ်ဓာတ်အားတွေ ပိုပြီးလိုအပ်မယ်ဆိုတာ ထင်ရှားပါတယ်။ နိုင်ငံတကာရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်လာလိမ့်မယ်။ ဒီကနေ့ အာရှတိုက်ထဲကသန်း ၇၀၀ ကျော် လူထုဟာ ခေတ်မီလျှပ်စစ်စနစ်နဲ့ အလှမ်းဝေးနေလျက်ရှိပါတယ်။ ရာသီဥတု ကမောက်ကမဖြစ်မယ်၊ မုန်တိုင်းကြီးငယ်တွေနဲ့ ကြုံရဦးမယ်။ ၁ ဒသမ ၄ ဘီလီယံ လူထုဟာ ရေကောင်းရေသန့်နဲ့ အလှမ်းမမီ ဖြစ်နေပါတယ်။ ရေမသန့်ရှင်းမှုရောဂါ (Waterborne Disease)ကြောင့် လူခုနစ်သန်းဟာ အသက်ဆုံးရှုံးလျက်ရှိပါတယ်။

၂၀ ရာစု လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀-၅၀ အတွင်း ရာသီဥတုက ကမောက်ကမ ဖြစ်လာတာကြောင့် မြစ်ရေကြီးတာ၊ ရေလွှမ်းမိုးတာ၊ ကမ္ဘာ့ဒေသအချို့မှာ စိုက်ပျိုးမြေတွေ ပတ်ကြားအက်ကွဲတာ၊ ရေကြီးတာ၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏတိုက်ခတ်တာ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်တာ၊ ရေခဲတောင်နဲ့ ရေခဲမြစ်တွေ အရည်ပျော်တာ၊ ကမ္ဘာ့ဒေသအချို့မှာ ကွက်ကြားကွက်ကြား မီးလောင်တာ၊ ရေနဲ့ မြေဆီလွှာခန်းခြောက်တာတွေနဲ့ အတိဒုက္ခရောက်ခဲ့ကြရပါတယ်။ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကြောင့် မကြုံစဖူး ဒုက္ခပင်လယ်တွေ ဝေခဲ့ကြရပါတယ်။ အဓိကအကြောင်းက ကမ္ဘာကြီးပူနွေးလာလို့ဆိုပြီးကောက်ချက်ချကြပါတယ်။ လူတွေ အတိဒုက္ခရောက်ကြရပုံတွေဟာ ကျွန်တော်တို့ပရိသတ်နားရည်ဝနေပါတယ်။

မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြား ဘင်္ဂလားပင်လယ်အော်ရဲ့ ကောင်းကင်မှာ ရောက်ရှိလာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဟာ ဘိုလာဆိုင်ကလုန်းမုန်တိုင်းနဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတို့ကို ဖန်တီးခဲ့တယ်လို့ သိပ္ပံရှုထောင့်က ပြောရမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံအောက်ပိုင်းကို ဖျက်ဆီးခဲ့တဲ့ နာဂစ်မုန်တိုင်းဟာ အဆိုးရွားဆုံးဖြစ်ခဲ့ပါတယ်။ လူမှုဘဝဆုံးရှုံးမှု၊ ပျက်စီးမှုဟာ လွန်စွာကြီးမားခဲ့ပါတယ်။

### အနာဂတ်ကမ္ဘာ

ရေလွှမ်းမိုးတဲ့နေရပ်မှာ ကျွန်တော်တို့ နေကောင်းနေကြရနိုင်တယ်။ အသက် ၅၀ ရှိတဲ့ လူကြီးပရိသတ်ဟာ နောင်အနှစ် ၂၀ ကျော်လာရင် အာဟာရပြည့်ဝတဲ့ အစားအစာ၊ ရေနဲ့ စွမ်းအင်တွေ ပိုပြီးလိုအပ်ပါမယ်။ လက်ရှိအခြေအနေမှာ တစ်ဘီလီယံကမ္ဘာ့လူထုဟာ ဆာလောင်ငတ်မွတ်နေပါတယ်။



သုံးပုံ နှစ်ပုံသော အဲဒီလူထုဟာ ကျွန်တော်တို့ အာရှတိုက်နဲ့ ပစိဖိတ်ဒေသမှာ ရှိနေပါတယ်။ ၁ ဒသမ ၄ ဘီလီယံ လူထုဟာ ရေကောင်းရေသန့်နဲ့ အလှမ်းမမီ ဖြစ်နေပါတယ်။ အဲဒီစာရင်းထဲမှာ ကျွန်တော်တို့ မြန်မာတွေမပါဘူးလို့ မပြောနိုင်ပါဘူး။ ခင်ဗျားအသက် ၂၀ ဆိုရင် အဲဒီအချိန်မှာ လေးဆယ်ကျော်ပြီ၊ မိသားစုအတွင်းမှာ အိမ်ထောင်ဦးစီးလည်း ဖြစ်နေလောက်ပြီ။ သိပ္ပံပညာနဲ့ နည်းပညာ တတ်ကျွမ်းရင် မိသားစုကို ထိန်းနိုင်လောက်မယ်။ အုပ်ချုပ်ရေးမှူး၊ လွှတ်တော်အမတ်၊ မြို့တော်ဝန် စတဲ့တာဝန်တွေလည်း ယူရင်ယူရလိမ့်မယ်။ ကျွန်တော်တို့ခေတ်မှာ ဘယ်လိုနေထိုင်သင့်သလဲ၊ ဘာတွေလုပ်သင့်သလဲဆိုတဲ့အဖြေရှိပြီလား။

### ဘာတွေကြိုတင်ပြင်ဆင်ထားမလဲ

၂၀၅၀ ပြည့်နှစ်မှာ အာရှတိုက်က မြို့ကြီးပြကြီးတွေဟာ ဆန်ရေစပါး၊ ဂျုံနဲ့ ကောက်ပဲသီးနှံ လိုအပ်ချက်မှာ ဂျုံနဲ့စပါးတန်ချိန် ၁ ဒသမ ၃ တန် ဘီလီယံဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ၊ နှစ်စဉ် ၇၇ သန်းတိုးပွားလာမယ့်လူဦးရေဟာ အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ ဖြစ်ပါတယ်။ ရေမသန့်ရှင်းမှုရောဂါ (Waterborne Disease)ကြောင့် လူခုနစ်သန်းဟာ အသက်ဆုံးရှုံးလျက်ရှိပါတယ်။ ငါးနှစ်အရွယ် ကလေးငယ်တွေက ၂ ဒသမ ၂ သန်းအတွက် အာဟာရပြည့်ဝတဲ့ အစားအစာတွေ ပိုပြီးလိုအပ်လို့ စိုက်ပျိုးရေးကဏ္ဍက ပိုပြီးထုတ်ရပါတယ်။ ၂၀၁၂ ခုနှစ် အေဒီဘီရဲ့ ခန့်မှန်းချက်အရ အသား၊ ငါး ၁၉၇ မီလီယံတန်လိုအပ်တယ်လို့ သိရပါတယ်။



ဒီလိုထုတ်နိုင်ဖို့ဆိုတာ ရေနဲ့ စွမ်းအင်လိုအပ်လာမှာဖြစ်ပါတယ်။ မိုးကိုမျှော်ရုံနဲ့ ရေမရနိုင်တော့မယ့်အခြေအနေဖြစ်ပါတယ်။ ကျွဲ၊ နွားနဲ့ လူ့ခွန်အားနဲ့ မဖြစ်နိုင်တော့တဲ့အခြေအနေမို့ လျှပ်စစ်စွမ်းအင်ကို အခုကတည်းက ဖြည့်ဆည်းနိုင်အောင် လုပ်ထားရမယ့်ကိစ္စလို့ ပြောချင်ပါတယ်။ မြို့ကြီးပြကြီးတွေမှာလည်း ကမ္ဘာကြီး ပူနွေးစေတဲ့ ကာဗွန်ဓာတ်ငွေ့တွေကို သူသူငါငါ ရှူရှိုက်ရင်း ပျော်စရာပဲလို့ ထင်နေတဲ့လူထုထဲမှာ ခင်ဗျား၊ ကျွန်တော် ပါဝင်နေတတ်ပါလိမ့်မယ်။ ကောင်းကောင်းစား၊ ကောင်းကောင်းနေလိုတဲ့ ၂၁ ရာစုရဲ့ လူနေမှုဘဝမြင့်မားလိုမှုဟာ ဒုနဲ့ဒေးတွေ့ရလိမ့်မယ်။ တားမရနိုင်တဲ့ မျှော်မှန်းချက်ပဲ။ လူငယ်ကျောင်းသားတွေဟာ ဒီလိုကြီးမားတဲ့ လိုအပ်ချက်တွေနဲ့ကြုံရမှာ ဖြစ်ပါတယ်။

### ရှည်လျားတဲ့သမိုင်းအကြောင်းရင်းတွေက ဘာတွေလဲ

ကမ္ဘာဦးကတည်းကရှိခဲ့တဲ့ လေထုနဲ့ ရေထုထဲမှာ ရေခိုးရေငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် သိပ္ပံ





Svante Arrhenius

အခေါ်အရ (Greenhouse Effect) ဖန်လုံအိမ်အာနိသင်သက်ရောက်မှုကြောင့် ကမ္ဘာကြီးဟာ နွေးနွေးထွေးထွေးနဲ့ နေသာထိုင်သာရှိခဲ့ပါတယ်။ အခုကမ္ဘာရဲ့ နှစ်စဉ်ပျမ်းမျှ အပူချိန်ဟာ ၁၅ ဒီဂရီစင်တီဂရိတ်သာရှိပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ ရေခိုးရေငွေ့တို့ဟာ သဘာဝအလျောက် လေထုထဲမှာရှိနေတာကြောင့် ဒီဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တို့ဟာ ကမ္ဘာမှာ လူသတ္တဝါတို့ ပေါ်ပေါက်လာဖို့၊ နေထိုင်နိုင်ဖို့ အဓိကကျလှတဲ့ မိတ်ဆွေတွေပါပဲ။

လွန်ခဲ့တဲ့ နှစ် ငါး-ခုနစ် သိန်းလောက်က ပီကင်းမင်းလူသား မျိုးနွယ်တို့ဟာ ကျောက်တောင်ဂူထဲမှာ သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်၊ မြက်ခြောက်တွေမီးရှို့ရင်း မီးတောက်မီးလျှံကိုတွေ့ခဲ့ပါတယ်။ မီးလျှံဟာပူတယ်၊ နွေးမယ်၊ အလင်းရစေတယ်ဆိုတဲ့ ခံစားချက်ကို သိခဲ့မယ်။ အသားကင်စားရတာ အရသာရှိမှန်း သိသူတွေ၊ မီးငြိမ်းသွားတော့လည်း ဂူထဲမှာ ဆက်လက်နွေးစေတယ်။ ပီကင်းမင်းလူသားမျိုးနွယ်တို့ဟာ မီးကိုသုံးနိုင်တဲ့အချိန်ကစပြီး အပြင်မှာ အမဲလိုက်၊ ဂူထဲမှာအောင်း၊ အသားကင်ကိုကိုက်၊ မီးလှုံလိုက်နဲ့ နှစ်ပေါင်းထောင်သောင်းမက နေခဲ့ပြီး ပီကင်းမင်းတို့ရဲ့ ယဉ်ကျေးမှုသမိုင်းကို စတင်ပြောင်းလာခဲ့ပါတယ်။ ဒါပေမဲ့ မီးလောင်မှုဖြစ်စဉ်က ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထွက်တာကို ပီကင်းမင်း သိနိုင်စရာအကြောင်းမရှိ၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ သက်ရောက်မှုဖြစ်စဉ်ကို ပီကင်းမင်းလူသားမျိုးနွယ်ဟာ သိနှင့်နေပြီဖြစ်ပါတယ်။ သိပ္ပံနည်းကျ ဂူရဲ့နံရံမှာမရေးခဲ့နိုင်တာပဲ ဖြစ်ပါတယ်။

### သိပ္ပံပညာဟာ အခရာ

၁၈၉၆ ခုနှစ်က Swedish Chemist Svante Arrhenius ဟာ လေထုတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုကို နှစ်ဆမြှင့်တင်ပါက ကမ္ဘာမြေပြင်ရဲ့ ပျမ်းမျှအပူချိန်ဟာ ၅-၆ ဒီဂရီစင်တီဂရိတ်မြင့်တက်နိုင်တယ်လို့ လန်ဒန်အီဒင်ဘာရာ၊ ဒပ်ဗလင်၊ ဖိလော်ဆော်ဖစ်ကယ်မဂ္ဂဇင်းတွေထဲမှာ တွက်ပြခဲ့ပါတယ်။ ရာသီဥတုနဲ့ပတ်သက်ပြီး အစောဆုံးထွက်ပေါ်ခဲ့တဲ့စာတမ်းပါပဲ။ Svante Arrhenius က ကျောက်မီးသွေးကို ကာဗွန်ဒိုင်အောက်ဆိုဒ်အဖြစ် လေထုထဲမှုတ်ထုတ်လိုက်တယ်၊ ဆောင်းရာသီဟာ ပိုပြီးပျော့ပျောင်းလာဖွယ်၊ ပတ်ဝန်းကျင်ကိုပင် အကျိုးပြုနိုင်ဖွယ်ဖြစ်တယ်လို့ရေးခဲ့ပါတယ်။ လေထုထဲပိုမိုရောက်လာတဲ့ ဒီဓာတ်ငွေ့ဟာ အပူကိုစုပ်ယူထားနိုင်တော့ ဖန်လုံအိမ်လို ကမ္ဘာ့လေထုကြီးဟာ ‘စောင်’ ခြုံထားသလိုနွေးနေတော့တာပဲ။ အေးချမ်းတဲ့နိုင်ငံတွေမှာ ပန်းအလှပင်တွေ စိုက်ပျိုးနိုင်ဖို့ Greenhouse တွေဆောက်၊ ပန်းအလှပင်တွေ စိုက်ကြပါတော့တယ်။ လေထုထဲ မှုတ်ထုတ်လိုက်တဲ့ဒီဓာတ်ငွေ့ဟာ သစ်ပင်သစ်တောတွေ အသက်ရှင်သန်ဖို့ဖြစ်တယ်။ သိပ္ပံအခေါ်အရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (Green-house gas) လို့ ခေါ်ပါတယ်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ဟာ ပုံမှန်အတိုင်း (၂၈၅-၃၀၀ ppm)ဆိုရင် မိတ်ဆွေဓာတ်ငွေ့ ဖြစ်ပါတယ်။ သစ်ပင်သစ်တောတွေ၊ လယ်ယာစပါး ကောက်ပဲသီးနှံတွေဖြစ်ဖို့၊ အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။ ppm ဆိုတာ parts per million လေထုတစ်သန်းပုံ ပုံရင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဟာ ၂၈၅-၃၀၀ ပုံ ရှိတယ်လို့ပြောတာဖြစ်ပါတယ်။

### စက်မှုတော်လှန်ရေးကြီး

၁၈ ရာစုနှောင်းပိုင်းက ဥရောပတစ်ခွင်မှာ ကျောက်မီးသွေးကို စတင်အသုံးပြုရာမှာ စက်မှုတော်လှန်ရေးကြီးပေါ်ပေါက်ခဲ့ပါတယ်။ ရေနွေးငွေ့အင်ဂျင်စက်တွေကို ကျောက်မီးသွေးနဲ့ မောင်းပြီး စက်ရုံတွေလည်ပတ်စေခဲ့ပါတယ်။ စက်ရုံတွေဟာ မီးခိုးတလူလူဖြစ်ခဲ့ပါတယ်။ ဆီမီးအိမ်နေရာမှာ လျှပ်စစ်မီးလုံးတွေနဲ့ အစားထိုးခဲ့ပါတယ်။ မြင်းနဲ့ဆွဲတဲ့ ရထားလုံးတွေနေရာမှာ မော်တော်ယာဉ်တွေက နေရာရလာပါတော့တယ်။ နောက်တော့ လျှပ်စစ်ထုတ်တဲ့အထိ ကျောက်မီးသွေးကိုသုံးခဲ့ပါတယ်။ ဥရောပနဲ့ အမေရိကတို့ဟာ စက်မှုတော်လှန်ရေးလမ်းကြောင်းပေါ်မှာ ရောက်ခဲ့ပါတော့တယ်။ လူတွေရဲ့စရိုက်လက္ခဏာတွေလည်း အကြီးအကျယ်ပြောင်းလဲသွားပါတယ်။

စာမျက်နှာ ၂၃ သို့ ❖

❖ စာမျက်နှာ ၂၂ မှ

လေထုတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ (ကာဗွန်ဓာတ်ငွေ့) တဖြည်းဖြည်း များပြားလာတာဟာလည်း ၁၈၉၀–၁၉၁၀ ပြည့်နှစ်အတွင်း သိပ္ပံနဲ့ နည်းပညာ တီထွင်ဆန်းသစ်မှုနဲ့အတူ တွဲပါလာတာဖြစ်ပါတယ်။ ၁၉၀၀ ပြည့်နှစ်က ကမ္ဘာ့ရေနံစိမ်း ထုတ်လုပ်မှုပမာဏဟာ ရေနံစိမ်းဆီပီပါ သန်း ၁၅၀ ကနေ ၂၀၀၀ ပြည့်နှစ်မှာ ဘီလီယံ ၃၀ အထိ ထုတ်လုပ်လာရပါတယ်။ ၁၉၄၀ ပြည့်နှစ်ရောက်တော့ လေထုအတွင်း (ကာဗွန်ဓာတ်ငွေ့) $CO_2$ ဟာ 300 ppm နီးပါး ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ ဒီဓာတ်ငွေ့ရဲ့ပမာဏဟာ ၄၀၁ ppm အထိ ကြောက်ခမန်းလိလိ မြင့်တက်လာပါတယ်။ ပို၍ပို၍ထွက်လာတဲ့ ကာဗွန်ဓာတ်ငွေ့တွေကြောင့် ပင်လယ်သမုဒ္ဒရာရဲ့ အက်ဆစ်ဂုဏ်ဟာ ၂၈ ရာခိုင်နှုန်းအထိ မြင့်တက်ပြောင်းလဲသွားပါတယ်။




**သဘာဝအလျောက်ဖြစ်စဉ်**

လေထုတွင်း ကာဗွန်ဓာတ်ငွေ့ပမာဏဟာ ၃၇၅ ပီပီအမ်ဆိုပါတော့။ လူတစ်ယောက်ဟာ အသက်တစ်ခါရှူရှိုက်ရင်ပဲ ကာဗွန်ဓာတ်ငွေ့ ၃၇၅ ပီပီအမ်ဝင်ပြီး ရှူထုတ်လိုက်တဲ့အခါ လူ့ကိုယ်ခန္ဓာတွင်း ဆဲလ်ပေါင်းများစွာရဲ့အလုပ်မျိုးစုံကြောင့် ကာဗွန်ဓာတ်ငွေ့ပမာဏ လေးသောင်းပီပီအမ် ထွက်လာပါတယ်။ သဘာဝအလျောက် သက်ရှိသက်မဲ့တွေ ဆွေးမြည့်ကြရင်လည်း ကာဗွန်ဓာတ်ငွေ့ထွက်နေပါတယ်။ ဒီဖြစ်စဉ်ရှိမနေရင် လေထုထဲမှာ ပုံမှန်ရှိနေတဲ့ ကာဗွန်ဓာတ်ငွေ့ဟာ လအနည်းငယ်အတွင်းမှာ ကုန်ဆုံးသွားပါမယ်။

**ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့**
**(Greenhouse gas) ပမာဏနဲ့ ဆက်စပ်နေ**






ရာသီဥတုပြောင်းလဲမှုကို အထူးတလည် လေ့လာတဲ့အဖွဲ့ကတော့ “The Intergovernmental Panel on Clamite Change (IPCC)” ဖြစ်ပါတယ်။

**❛ကမ္ဘာ့ပျမ်းမျှအပူချိန်ကို နှစ်ပေါင်း ၁၆၀ အတွင်း စနစ်တကျတိုင်းတာခဲ့တဲ့ မှတ်တမ်းတွေအရ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က ကမ္ဘာ့အပူချိန်ဟာ သိသိသာသာမြင့်တက်လာခဲ့တယ်။ ၁၉၉၈ ခုနှစ်က အမြင့်ဆုံးအပူချိန်ကို ရောက်ခဲ့ပါတယ်။ ဒုတိယအပူချိန်အမြင့်ဆုံးနှစ်ဟာ ၂၀၀၁ ခုနှစ် ဖြစ်ခဲ့ပါတယ်။ ကမ္ဘာမှာ အပူချိန်အမြင့်ဆုံးအထိ ရောက်ခဲ့တဲ့ ၁၀ နှစ်ဟာ လွန်ခဲ့တဲ့ ၁၂ နှစ်အတွင်းက ဖြစ်ပေါ်ခဲ့❜**

ပညာရှင်ပေါင်း ၂၅၀၀ က သိပ္ပံအချက်အလက်တွေကို မျှမျှတတ သုံးသပ်တဲ့အဖွဲ့ အရှိကိုအရှိအတိုင်း ရာသီဥတုပြောင်းလဲမှုကို စနစ်တကျလေ့လာနေတာဖြစ်ပါတယ်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေအနက် အဓိကအကျဆုံးတရားခံဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့်လို့ ခွဲခြားဆွဲထုတ်ပြနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရာစုနှစ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဟာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအပေါ် တည်မှီခဲ့ပါတယ်။

**သိပ္ပံပညာရှင်တွေ**
**တိတိကျကျသိနေတဲ့ အချက် (၃) ချက်**

(၁) ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဟာ အပူစုပ်ယူတယ်ဆိုတဲ့ အချက်
(၂) ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ရဲ့ လေထုအတွင်းပါဝင်မှုဟာ လွန်ခဲ့တဲ့နှစ် ၁၅၀ အတွင်းမှာ (280–360 ppm)အထိ မြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။
(၃) ကမ္ဘာ့ပျမ်းမျှ အပူချိန်ဟာ မတည်မငြိမ်တာကိုလည်း တွေ့ရတာဖြစ်ပါတယ်။

ဒီအချက်သုံးချက် ဆက်စပ်မှုရှိသလားလို့ နက်နက်ရှိုင်းရှိုင်းလေ့လာတဲ့အခါ ကမ္ဘာ့သဘာဝ၊ မြေပြင်သွင်ပြင်လက္ခဏာတွေဟာ လွန်ခဲ့တဲ့နှစ် ၁၀၀ ကနဲ့မတူ ထူးထူးခြားခြား ပြောင်းလဲလာတာကို တွေ့ရပါတယ်။ ကမ္ဘာ့ပျမ်းမျှအပူချိန်ကို နှစ်ပေါင်း ၁၆၀ အတွင်း စနစ်တကျတိုင်းတာခဲ့တဲ့ မှတ်တမ်းတွေအရ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က ကမ္ဘာ့အပူချိန်ဟာ သိသိသာသာမြင့်တက်လာခဲ့တယ်။ ၁၉၉၈ ခုနှစ်က အမြင့်ဆုံးအပူချိန်ကို ရောက်ခဲ့ပါတယ်။ ဒုတိယအပူချိန်အမြင့်ဆုံးနှစ်ဟာ ၂၀၀၁ ခုနှစ် ဖြစ်ခဲ့ပါတယ်။ ကမ္ဘာမှာ အပူချိန်အမြင့်ဆုံးအထိ ရောက်ခဲ့တဲ့ ၁၀ နှစ်ဟာ လွန်ခဲ့တဲ့ ၁၂ နှစ်အတွင်းက ဖြစ်ပေါ်ခဲ့ပါတယ်။ မြောက်ဝင်ရိုးစွန်းက ရေခဲတွေ ပျော်ကျတာ ကမ္ဘာကြီးပူနွေးခြင်းရဲ့လက္ခဏာပဲ။ ကာဗွန်ဒိုင်အောက်ဆိုဒ် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေဟာ ပူနွေးခြင်းရဲ့တရားခံပဲလို့ သိပ္ပံပညာရှင်တွေက ကောက်ချက်ချတာဖြစ်ပါတယ်။



**❛မြန်မာနိုင်ငံကတော့ လောပိတ၊ ပေါင်းလောင်းရေအားလျှပ်စစ်၊ ရဲရွာရေအားလျှပ်စစ်တွေ ရရှိတာမို့ လေထုကို ပူနွေးစေမယ့် ကာဗွန်ဓာတ်ငွေ့မထုတ်လွှတ်ကြပါဘူး။ မြစ်ချောင်း၊ အင်းအိုင်တွေ၊ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာဖြစ်❜**

ကမ္ဘာ့သိပ္ပံပညာရှင်တွေဟာ ကမ္ဘာ့လေထုရဲ့ အပူချိန်မြင့်တက်လာမှု ပုံမမှန်ရာသီဥတု ဖြစ်ပေါ်တာ၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏတိုက်ခတ်တာ၊ ရေကြီးတာ၊ တောမီးတွေလောင်တာဟာ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ပမာဏနဲ့ ဆက်စပ်နေတယ်ဆိုတာ ခိုင်မာတဲ့အထောက်အထားတွေနဲ့ ပြလာကြလို့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ လူထုဟာ သဘောပေါက်လက်ခံလာကြတယ်။

**လက်ရှိအခြေအနေ**



လက်ရှိအခြေအနေမှာ နှစ်စဉ် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ မက်ထရစ်တန် ငါးဘီလီယံကို သုံးပြီး လျှပ်စစ်ထုတ်တာက ၃၅ ရာခိုင်နှုန်း၊ သွားလာရေး သယ်ယူပို့ဆောင်ရေးက ၃၁ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းတွေအတွက် ၂၀ ရာခိုင်နှုန်း၊ စီးပွားရေး ငါးရာခိုင်နှုန်းနဲ့ အိမ်တွင်းအနွေးဓာတ်ရဖို့ ခုနစ်ရာခိုင်နှုန်းသုံးနေရတယ်လို့ တွက်ချက်ထားတာကိုသိရပါတယ်။ ကမ္ဘာ့ရေနံသိုက်ကြီးတွေ တွေ့ပြန်တော့ မော်တော်ယာဉ်၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံတွေနဲ့ ကမ္ဘာကိုပတ်ပြီး စီးပွားရေး၊ နိုင်ငံရေးတွေနဲ့ စစ်ပွဲတွေအထိ ဒီရေနံက တွန်းပို့ပေးတယ်လို့ ပြောနိုင်ပါတယ်။

နံပါတ် (၁)ကတော့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံတွေ ကမ္ဘာအရပ်ရပ်မှာ များလာလို့ပဲ။ ကျောက်မီးသွေးတန်တစ်ထောင် သုံးပြီးတစ်နာရီကြာ လျှပ်စစ်ထုတ်မယ်ဆိုရင် လေထုတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ် တန်နှစ်ထောင် ထုတ်လွှတ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ငါးရာခိုင်နှုန်းသာရှိတဲ့ အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာအရပ်ရပ်ကထွက်တဲ့ ရေနံပမာဏရဲ့ ၂၅ ရာခိုင်နှုန်းကို သုံးစွဲတာဖြစ်ပါတယ်။ နည်းပညာနဲ့ စက်မှုပညာ လွန်စွာထွန်းကားတဲ့ နိုင်ငံလည်းဖြစ်တော့ ဒီပမာဏအထိ မြင့်တက်သုံးရတာလည်း ဖြစ်ပါတယ်။ ဒီကျောက်မီးသွေး၊ ရေနံနဲ့ရေနံဓာတ်ငွေ့ကို သုံးပြီး ခေတ်မီစီးပွားရေးကို တည်ထောင်တာဖြစ်ပါတယ်။ အမေရိကန်ရဲ့ လူမှုစီးပွားဘဝမြင့်မားဖို့ အခြားစွမ်းအင်အရင်းအမြစ်မရမီမှာ ဒီကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို လက်မလွှတ်နိုင်ဘဲ သုံးရတာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ထုတ်ရာမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဥရောပနဲ့ ဂျပန်နိုင်ငံတို့ဟာ ကျောက်မီးသွေး၊ ရေနံ၊ အဏုမြူစွမ်းအင်နဲ့ ရေအားလျှပ်စစ်ကို အသုံးပြုကြတာတွေ့ရပါတယ်။ စွမ်းအင်အရင်းအမြစ်ကိုအခြေခံပြီး လျှပ်စစ်ဓာတ်ကို ထုတ်ကြရပါတယ်။ လျှပ်စစ်နဲ့ပဲ ပစ္စည်းမျိုးစုံကို ထုတ်၊ အလုပ်လုပ်ကြပါတယ်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့တွေ့ဆုံကြရာမှာ တရုတ်ပစ္စည်းတွေအပေါ် အခွန်အကောက်တွေ လျှော့မယ်ဆိုရင် အမေရိကန်က ကျောက်မီးသွေးကို ဝယ်မယ်လို့ ညှိနှိုင်းချက်သတင်းကို ၂၀၁၈ ခုနှစ်က ဖတ်ရှုရပါတယ်။ တရုတ်ရဲ့ စွမ်းအင်လိုအပ်ချက် ဘယ်လောက်ကြီးမားတယ်ဆိုတာ ဒီသတင်းကိုကြည့်ရင်၊ ဖတ်ရင် သိနိုင်ပါတယ်။ ဒါကြောင့် ရန်စီမြစ်ကို အခြေပြုပြီး အလွန်တရာကြီးမားတဲ့ ရေကန်ကြီးသုံးခု (Three Georges Dam) တည်ဆောက်ပြီး လျှပ်စစ်ထုတ်သုံးစွဲတာဟာ သူ့နိုင်ငံရဲ့ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်တင်းတာပဲ။ ဒီလောက်များပြားတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ ကျောက်မီးသွေးကိုသာ သုံးရမယ်ဆိုရင် လေထုအတွင်း ထုတ်လွှတ်မယ့် ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏဟာ လွန်စွာမြင့်တက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ဟာ သူ့ရဲ့ ရေအားအရင်းအမြစ်ကိုအခြေခံပြီး လျှပ်စစ်ထုတ်ရတာ ဖြစ်ပါတယ်။





မြန်မာနိုင်ငံကတော့ လောပိတ၊ ပေါင်းလောင်းရေအားလျှပ်စစ်၊ ရဲရွာရေအားလျှပ်စစ်တွေ ရရှိတာမို့ လေထုကို ပူနွေးစေမယ့် ကာဗွန်ဓာတ်ငွေ့မထုတ်လွှတ်ကြပါဘူး။ မြစ်ချောင်း၊ အင်းအိုင်တွေ၊ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန် ဖြစ်လာမယ်လို့ ပြောနိုင်ပါတယ်။

ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်ရတဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံတွေက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်တာ ကမ္ဘာမှာ အများဆုံးဖြစ်လျက်ရှိပါတယ်။ ပုံမှာတွေ့မြင်ရတဲ့ ကာဗွန်ခြေရာ (Carbon foot Print) အရ တရုတ်က ခြေဖမိုး၊ အမေရိကန်က ခြေဖနောင့် ဖြစ်နေပါတယ်။




(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၈ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၃၀,၆၂၆) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၃၈၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၃၂၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.** **moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၂၅) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၅၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၁၄၅) ခု | (၁) ဦး |
| စုစုပေါင်း | (၅,၉၆၄) ခု | (၁၁) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၄၅၀၆၀၃ | ၈၂၄၆၃၅၀၆ | ၁၀၃၃၃၆၉ |
| ၂။ | အိန္ဒိယ | ၄၃၁၇၁၈၇၂ | ၄၂၆၂၂၇၅၇ | ၅၂၄၆၅၁ |
| ၃။ | ဘရာဇီး | ၃၁၁၃၇၄၇၉ | ၃၀၀၆၃၆၈၂ | ၆၆၇၀၁၉ |
| ၄။ | ပြင်သစ် | ၂၉၅၉၅၈၉၂ | ၂၉၀၁၂၃၃၈ | ၁၄၈၄၆၄ |
| ၅။ | ဂျာမနီ | ၂၆၅၁၀၈၂၈ | ၂၅၅၄၀၂၀၀ | ၁၃၉၆၉၇ |
| ၆။ | ဗြိတိန် | ၂၂၃၀၅၈၉၃ | ၂၁၉၆၁၆၅၅ | ၁၇၈၇၄၉ |
| ၇။ | ရုရှား | ၁၈၃၄၈၀၆၅ | ၁၇၇၆၀၃၂၆ | ၃၇၉၄၄၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၅၃၈၅၁ | ၁၇၈၀၆၂၀၀ | ၂၄၂၃၈ |
| ၉။ | အီတလီ | ၁၇၄၆၇၆၄၂ | ၁၆၆၅၂၇၁၁ | ၁၆၆၈၇၅ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၂၄၅၅၄ | ၉၄၉၆၄၀၇ | ၄၃၀၈၀ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၆၄၁၂ | ၅၈၉၆၅၄၈ | ၁၅၆၆၁၀ |
| ၃။ | မလေးရှား | ၄၅၁၂၀၄၀ | ၄၄၅၃၃၁၃ | ၃၅၆၈၁ |
| ၄။ | ထိုင်း | ၄၄၆၃၅၅၇ | ၄၃၉၉၃၅၈ | ၃၀၁၄၆ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၁၁၁၄ | ၃၆၂၈၂၁၇ | ၆၀၄၅၆ |
| ၆။ | စင်ကာပူ | ၁၃၁၃၈၄၉ | ၁၂၃၁၃၂၅ | ၁၃၈၉ |
| ၇။ | မြန်မာ | ၆၁၃၃၈၁ | ၅၉၂၃၂၇ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၀၆၉ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၄၉၆၇၉ | ၁၄၇၅၈၅ | ၂၂၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၅ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှနှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁ ရက်မှ ၄ ရက်အတွင်း ကုမ္ပဏီ သုံးခု ယာဉ်စီးရေငါးစီးဖြင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၁၁၅၀ နှင့် နှာခေါင်းစည်းတစ်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ဝင်ရောက်ကြည့်ရှုနိုင်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၄

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ပဏီတစ်ခုမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၁၁၅၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် ထောပတ်ခြံများကို ပိုးမွှားစစ်တမ်းသုတေသနဆောင်ရွက်မည်

ပြင်ဦးလွင် ဇွန် ၄

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထောပတ်ခြံများကို ရွေးချယ်ပြီး ပိုးမွှားစစ်တမ်းသုတေသန ကောက်ယူမှုကို တစ်နှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောကြားသည်။

အဆိုပါ ပိုးမွှားစစ်တမ်းသုတေသန ကောက်ယူမှုကို မြန်မာနိုင်ငံစိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲတို့မှ ပညာရှင်များနှင့် ပူးပေါင်းပြီး ပိုးထောင်ချောက်များကို ထောပတ်ခြံများအတွင်း ချိတ်ဆွဲခြင်းကို မေလပထမပတ်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း၊ ထောပတ်တွင် အဓိကသီးထိုးယင်နှင့် အခြားဖျက်ပိုးများကို ထောင်ချောက်ဖြင့် ထောင်ဖမ်းခြင်းများ ဆောင်ရွက်နေကြောင်း၊ ထိုသို့ ဆောင်ရွက်နေရာတွင် တိုင်းဒေသကြီးအတွင်း ပြင်ဦးလွင်မြို့နယ်တွင် နှစ်ခြံ၊ ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် နှစ်ခြံ၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးတွင် နှစ်ခြံ စသည့်ခြံများသို့ ပိုးထောင်ချောက်များဆောင်ရွက်ပြီး ပိုးမွှားစစ်တမ်း သုတေသန ကောက်ယူဆောင်ရွက်နေကြောင်း သိရသည်။

“လောလောဆယ်မှာတော့ သီးထိုးယင်ပိုး တော်တော်များများ ဖမ်းမိထားတယ်။ ထောပတ်ခြံတစ်ခြံမှာ သီးထိုးယင် ဘယ်ရာသီမှာ အများဆုံးလာသလဲ။ ဘယ်ရာသီကအနည်းဆုံးလဲ၊ ဘယ်ရာသီမှာ ဒီပိုးကို သတ်ရင်ထိရောက်မလဲ။ အဲဒါတွေကိုသုတေသနလုပ်ဖို့ပိုးကောင်ရေ အနည်းအများသိရအောင်လို့ တစ်နှစ်ပတ်လုံး ပိုးထောင်ချောက်တွေဆောင်ရွက်တာပါ။ ပြန့်ပွားလွယ်တဲ့ ပိုးမျိုးကင်းရှင်းတယ်ဆိုရင် ပြည်ပပို့ကုန်အနေနဲ့ တင်သွင်းလို့ အဆင်ပြေတာပါ။ ၁၅ ရက် တစ်ကြိမ် ဒီပိုးတွေကို ထုတ်ရမှာပါ။ ဖမ်းထားတဲ့ပိုးတွေကို စာအိတ်ထဲထည့်ပြီး သီးနှံကာကွယ်ရေးဌာနခွဲ(ရန်ကုန်)ကို ပို့ရမှာပါ။ သူတို့ခွဲခြမ်းစိတ်ဖြာ... သူတို့ခွဲခြားမယ်၊ ပိုးကောင်ရေ၊ ပိုးအမျိုးအစားခွဲမယ်။ ပထမအဆင့်က ပိုးမွှားစုဆောင်းတာအရင်လုပ်ရမှာပါ။ ပိုးအမျိုးအစားအလိုက် ဘယ်လိုဆေးမျိုးနဲ့ နှိမ်နင်းရမလဲဆိုတာမျိုးကို ခွဲခြားစိတ်ဖြာနိုင်အောင်လို့ ခုလိုမျိုး စပြီးစုဆောင်းနေတာဖြစ်ပါတယ်”ဟု ၎င်းကရှင်းပြသည်။

ထိုသို့ ပိုးမွှားစစ်တမ်းသုတေသန လုပ်ဆောင်သည့်အတွက် ထောပတ်သီးတွင် မည်သည့်ပိုးများရှိပြီး၊ ယင်းဖျက်ပိုးများက လက်ခံနိုင်သည့် ဖျက်ပိုးဟုတ် မဟုတ်နှင့် မဟုတ်ပါက မည်သို့နှိမ်နင်းရမည်ဖြစ်ကြောင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ သုတေသန အစီအစဉ်သည် တရုတ်နိုင်ငံသို့ Export ပို့ရန်အတွက်မဟုတ်ဘဲ၊ တခြားနိုင်ငံဈေးကွက်အတွက်ပါ အရေးကြီးကြောင်း၊ ယင်းတို့အတွက် ယခုချိန်မှစပြီး နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန်စတင်ပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။



**မောင်အေးချမ်း**

# တိုက်ကြီးမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

တိုက်ကြီး ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီတွင် တိုက်ကြီးမြို့နယ်အတွင်းရှိ တောင်လှိုင်ရိုးမကြိုးဝိုင်းအကွက်အမှတ် ၂၂ တိုက်ကြီး- ဖောင်ကြီးလမ်း မိုင်တိုင်အမှတ် နှစ်မိုင်နှစ်ဖာလုံ၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်၊ တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီး စိန်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်း ၁၀၃၀ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုသစ်ပင်စိုက်ပျိုးပွဲကို တက်ရောက် လာကြသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ကံ့ကော်နှင့်ခရေ ပျိုးပင်ပေါင်း ၂၀၀၇ ပင် စိုက်ပျိုးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ဉာဏ်ဟိန်း**

# ကျောင်းကုန်းမြို့၌ သီးသန့်လူနာဆောင် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

ကျောင်းကုန်း ဇွန် ၄

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သီးသန့်လူနာများအတွက် RC နှစ်ထပ်ဆောင် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ရေးဦးစွာ ဒက္ခိဏာရာမ(ရွှေကျောင်) ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ မြေသန့်ပရိတ်တရားတော်နာကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အတွင်းရေးမှူး ယာယီ ရဲမှူးအောင်နိုင်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေဝင်းနောင်၊ အဖွဲ့ဝင်(၂) ဦးတင်မောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်၊ အလှူရှင် ဦးကြည်လွင်+ဒေါ်သီသီဆန်း (Tun Myat Thu International Co.,Ltd.) မိသားစုတို့က ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။



အဆိုပါ သီးသန့်လူနာများထားရှိရန်အတွက် RC နှစ်ထပ်ဆောင်သည် အလျား ပေ ၁၃၀၊ အနံ ၃၈ ပေ၊ အမြင့် ၂၄ ပေဖြစ်ပြီး သီးသန့်လူနာခန်းပေါင်း ၃၂ ခန်း၊ ရေချိုးခန်း၊ အိမ်သာ အပေါ်ထပ် ခြောက်ခန်း၊ အောက်ထပ် ခြောက်ခန်းပါရှိမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

* ကျောဖုံးမှ

စည်ပင်သာယာရေးကော်မတီက ယခုမိုးရာသီတွင် ရှေ့ပြေးစီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မြို့တော်စည်ပင်ကော်မတီဝင်ရေဘာသာရပ်ဆိုင်ရာ ပညာရှင် ဒေါက်တာဇော်ဝင်းက ပြောကြားသည်။

မြေအောက်ရေအောင်းလွှာ ပြန်လည်ဖွံ့ဖြိုးမှုဖြစ်စေရန် ယနေ့အိန္ဒိယနိုင်ငံတွင်လက်တွေ့ပြုလုပ်နေသော Artificial Water Recharge နှင့် အလားသဏ္ဍာန်တူ လုပ်ငန်းနှင့်ပတ်သက်၍ လွန်ခဲ့သောနှစ် ၃၀ ခန့်က ရန်ကုန်မြို့တော်ကို ဥယျာဉ်မြို့တော်အဖြစ်တည်ဆောက်ချိန်တွင် လမ်းဘေးဝဲယာနှင့်လမ်းလယ်ကျွန်းနေရာများတွင် အရိပ်ရပင်ပန်းအလှပင်တို့ကို စိုက်ပျိုးခဲ့သည်။

ထို့အပြင် နေရာကျယ်မြေလွတ်နေရာများ၌ နှစ်ရှည်ပင် ကျွန်းစိုက်ခင်းများကို ပူးတွဲစိုက်ပျိုးနိုင်ခဲ့ခြင်းတို့ကြောင့် မြေအောက်ရေအောင်းလွှာများ ကြီးမားစွာမထိခိုက်စေဘဲ အထိုက်အလျောက် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့သည်။

ယနေ့ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း ၃၃ မြို့နယ် ဧရိယာစတုရန်းကီလိုမီတာ ၇၉၀ ကျော်အတွင်း မြို့ပြလူနေထိုင်မှုမှာ ခုနစ်သန်းကျော်အထိ ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ မြို့ပြအခြေခံ ကွန်ကရစ်အဆောက်အအုံများနှင့် ကွန်ကရစ်လမ်းများသည်လည်း မြို့ပြအတွင်း တဖြည်းဖြည်းကျယ်ပြန့်စွာ ဖုံးအုပ်လာမှုတို့ကြောင့် စိမ်းလန်းသော သစ်တောသစ်ပင်များ လျော့နည်းလာပြီး မြေအောက်ရေအောင်းလွှာများလည်း အထိုက်အလျောက် ချို့ယွင်းလာသည်ကို လေ့လာတွေ့ရှိရသည်။

ထို့အပြင် ရန်ကုန်မြို့ လူဦးရေထူထပ်မှုနှင့်အတူ အမှိုက်စွန့်ပစ်မှုများ စနစ်မကျမှုကြောင့် မိုးရွာသွန်းချိန်များတွင် ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်လာသည့်အတွက် လက်ရှိကွန်ကရစ် ရေမြောင်းများကို ထပ်မံတိုးချဲ့ပေးရခြင်း၊ မြစ်ထွက်ပေါက် ရေမြောင်းများကို တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးခြင်းတို့ကြောင့် လမ်းများ ရေကြီးရေလျှံခြင်း အထိုက်အလျောက် လျော့နည်းသက်သာလာပြီး ယခုအခါတွင် မရှိသလောက်ဖြစ်နေသည်ကို တွေ့ရှိလာရပြီဖြစ်သည်။

ရေမြောင်းများမှတစ်ဆင့် အလဟဿ စီးဆင်းသွားသော သဘာဝမိုးရေများကို စုဆောင်းကာ ရေစုကန် ရေလှောင်ကန်များတည်ဆောက်ပြီး အဆင့်ဆင့်သန့်စင်၍ သောက်သုံးရေအဖြစ် မြို့ရေပေးရေးအတွက် ပြန်လည်အသုံးပြုသွားရန် နောင်တွင် အစီအစဉ်များရှိသည်ဟု ဆိုသည်။

ယခုအခါတွင် အိန္ဒိယနိုင်ငံ၌ အိမ်သစ်ဆောက်လုပ်ကြမည့် အိမ်ရှင်များကို ရေလှောင်ကန်ငယ်နှင့် မြေအောက်သို့စိမ့်ရေဝင်သော Artificial Water Recharge နည်းစနစ်ပါရှိမှသာ အိမ်ဆောက်လုပ်ခွင့်လိုင်စင်ကိုလည်း ထုတ်ပေးမည်ဟု သိရသည်။

အိန္ဒိယနိုင်ငံတွင် အောင်မြင်စွာ အသုံးပြုလျက်ရှိသော Artificial Water Recharge နည်းစနစ်သည် ခက်ခဲသော နည်းစနစ်တစ်ခုမဟုတ်ဘဲ လွယ်ကူစွာဆောင်ရွက်နိုင်သည်။ မိမိတို့နေထိုင်ရာ ခြံဝင်းအတွင်း မိုးရေခံရေလှောင်ကန်ငယ်လေးတစ်ခု တည်ဆောက်ပြီး မိမိတို့အိမ်က အသုံးမလိုစွန့်ပစ်သော ရေများ (မိလ္လာရေမပါ)ကို ရေလှောင်ကန်ငယ်အတွင်းသို့ ရောက်ရှိစေရန် သုံးလက်မအချင်း အရှည် ၁၀ ပေခန့်ရှိ ရေပိုက်ကို မြေထဲသို့စိုက်သွင်းကာ ရေလှောင်ကန်ပိုက်နှင့် ဆက်သွယ်ထားကာ မိုးရာသီတွင် ရရှိသော သဘာဝမိုးရေများကို ရေမြောင်းအတွင်း မစီးဆင်းစေဘဲ ရေလှောင်ကန်နှင့် ဆက်သွယ်ထားသော ရေပိုက်များမှတစ်ဆင့် မြေအောက်သို့ စိမ့်ရေများ ရောက်ရှိအောင်ပြုလုပ်ရမည်ဖြစ်သည်။ ထို့အပြင် မြေတွင်စိုက်ထည့်မည့် ပိုက်ထိပ်တွင် ဆန်ခါပေါက်များဖောက်၍ ထိုးသွင်းရမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းအဆင့်ဆင့်ကို မြို့တော်စည်ပင်က သုတေသနပြုဆောင်ရွက်ထားပြီးဖြစ်၍ ပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်ရှိ အဝီစိတွင်းများရှိရေအောင်းလွှာနေရာများ၌ သဘာဝမိုးရေများ ပြန်လည်ရရှိလာနိုင်ပြီး ရေငန်ဝင်ရောက်မှု အန္တရာယ်ကိုလည်း တားဆီးနိုင်သည့်အပြင် အဝီစိတွင်း ပြိုကျခြင်းများကိုလည်း ရှောင်ရှားနိုင်မည် ဖြစ်သောကြောင့် အနာဂတ်ရန်ကုန်အတွက် မြေပေါ်မြေအောက်သောက်သုံးရေ စိုးရိမ်စရာမရှိနိုင်ဘဲ မျှဝေပေးနိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ - စောရွှေဝွန်း**

# ကျောက်တံခါးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံပေး

ကျောက်တံခါး ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့က အခြေခံပညာအထက်တန်း (ကျောက်တံခါး) ပတ္တမြားခန်းမတွင် စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား သတ်မှတ်နေရာသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးခြင်း၊ စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ ကောက်ယူခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးညီညီအောင်

### အသက်(၅၈)နှစ်

စစ်ကိုင်းမြို့၊ တောင်ဘော်ဂါရပ်နေ (ဦးသန်းအောင်-ဒေါ်တင်တင်)(သန်းအောင်ဖိနပ်လုပ်ငန်း)တို့၏ သား၊ ဈေးလမ်းနေ (ဦးဝင်းအောင်)-ဒေါ်ခင်ပု(မင်းရွှေစင်စားပွဲရုံ)တို့၏ သားသမက်၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးကိုကိုအောင်-ဒေါ်မိုးစံပယ်တို့၏မောင်၊ ဦးဇော်နိုင်ဦး-ဒေါ်စန္ဒာအောင်၊ ဦးကျော်ကျော်အောင်-ဒေါ်လွင်လွင်ကြည်တို့၏အစ်ကို၊ မမြတ်နိုးညီညီ၊ မတွယ်တာညီညီ၊ မောင်ဝေဖြိုးဟိန်းတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်သီတာအောင်၏ချစ်လှစွာသောခင်ပွန်း ဦးညီညီအောင်သည် ၄-၆-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ပိုးတန်းရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၆-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းမြို့ ပိုးတန်းရပ်နေအိမ်မှ ယုန်ဖြူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသုဘရှုကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးလှိုင်တေဇာတင်

**Aung Marine Service Co.,Ltd (Managing Director)**

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် (55-A)၊ အခန်း (1-A), JEWEL APARTMENT နေ [ဗိုလ်မှူးစိန်လှိုင်တင် (ငြိမ်း)-ဒေါ်ခင်သန်းနီကို] တို့၏သား၊ ဒေါ်လှိုင်သီတာခင်၏ မောင်၊ Dr. လှိုင်ထိပ်ထားခင်၏ အစ်ကို၊ ဒေါ်မာမာဌေး၏ ချစ်လှစွာသောခင်ပွန်း၊ မယွန်းတေဇာ-Mr. Abel Koh ၊ မမြတ်သဒ္ဒါတို့၏ ချစ်လှစွာသောဖခင်၊ Rai Koh ၏ အဘိုး၊ ကိုသန့်ဇင်အောင်-မလှိုင်မေပွင့်ဖြူ၊ ကိုမင်းမင်းထွန်း-မလှိုင်မေပွင့်သူ၊ ကိုလှိုင်မင်းထက်ကောင်း-(မစန္ဒာဝင်း)တို့၏ ဦးလေး၊ ရဲဘုန်းသန့်၏ ဘိုးလေးသည် ၃-၆-၂၀၂၂ (သောကြာနေ့) ညနေ ၅ :၂၃ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်း(အဖွဲ့ဝင်)International Business Promotion Center၏သားဖြစ်သူ မောင်ဖုန်းမြတ်ပိုင် အသက်(၂၀)သည် ၃၁-၅-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းမိပါကြောင်း။

**ဥက္ကဋ္ဌနှင့်အဖွဲ့**

**International Business Promotion Center**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်-၄၈၅(ခ)၊ ပေ(၂၀x၆၀)အကျယ်အဝန်းရှိ ဦးသန်းစိုး(NBN-220588)အမည်ပေါက် ပါမစ်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက ဦးကောင်းဆက်အောင်[၁၂/ဒဂတ(နိုင်)၀၃၅၉၂၅]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၂၈/၂-၂-၉၉)**
**အမှတ်-၉၅(ခ)၊ ပဉ္စမထပ်၊ အခန်း-၅(ဘီ)၊ 95 Residence**
**ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5199141**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈၅)၊ (-)လမ်း၊ မြေကွက်အမှတ်-(၁၇၃၃)ဟုခေါ်တွင်သည့် (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဦးစောမောင်(AKB-၁၇၃၆၃၁)အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးအောင်လွင်ဦး[၉/တကန(နိုင်)၁၁၅၇၈၀]မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုလှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၁၁၆/၂၀၂၀)**
**အမှတ်(၂၂၉)၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၆၈၇၂၀၂၇**

---

## ဦးစိန်ခိုင်

**BA,Psychology (Dip.Ed)**
**(လ/ထ မြို့နယ်ပညာရေးမှူး -ငြိမ်း)**
**တောင်ဥက္ကလာပမြို့နယ်**

### အသက်(၉၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ရေတံခါး၊ တာဝကျေးရွာနေ (ဦးကျောက်ဖူး-ဒေါ်လှရင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်း (၃)လမ်း၊ အမှတ် (၆၇၀)နေ ဒေါ်ခင်ဖြူဖြူ (အထက-၃၊ တာမွေ-ငြိမ်း)၏ ခင်ပွန်း၊ ဦးသက်ထွဋ်အောင်-ဒေါ်ကေသွယ်တင်၊ ဒေါက်တာဇင်မီထွန်း (ရက္ခဗေဒဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)၊ ဦးသန့်ဇင်တို့၏ ဖခင် ဦးစိန်ခိုင်သည် ၂-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ကြည် (သာယာဝတီမြို့) ဂုံမင်းမြောင်

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သူကြွယ်လမ်း၊ ဌေးကြွယ်(က)ရပ်ကွက်၊ ကျောက်မြောင်း၊ အမှတ် (၁၉)နေ (ဦးဘိုးကြူး- ဒေါ်မယ်တင့်)တို့၏ သမီး၊ (ဒေါ်သိန်းရင်)၊ (ဒေါ်သိန်းတင်)၊ (ဒေါ်သိန်းချစ်)တို့၏ ညီမ၊ (ဒေါ်ခင်သန်း)၏အစ်မ၊ ဦးမောင်မောင်ချို-ဒေါ်စန်းစန်းလွင်၊ ဒေါ်စန်းစန်းဝေ၊ ဒေါ်သင်းသင်းအေး၊ ဒေါ်သင်းသင်းဌေးတို့၏ အဒေါ်၊ မအိအိခိုင်၊ မောင်ကျော်စိုးသူ-မခင်ခက်ခက်ခိုင်တို့၏အဘွား ဒေါ်ခင်ကြည်သည် ၄-၆-၂၀၂၂ (စနေနေ့) နံနက် ၇:၂၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၆-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၂၂(သောကြာနေ့)တွင်နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်မေ(ကျောက်ဆည်)

**အလယ်တန်းပြဆရာမ(ငြိမ်း)**

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အမှတ်(၆၇၀)၊ အောင်သီရိလမ်း၊ ကျောက်ဆည်မြို့နေ (ဆရာမင်း-ဒေါ်တင်မိ)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးဝင်းလွင်(ခရိုင်ပညာရေးမှူး-ငြိမ်း)၏ဇနီး၊ ဒေါက်တာ ရွှေပြည်စိုး(ဧည့်ပါမောက္ခ-ငြိမ်း)-ဒေါက်တာထက်ထက်(ဧည့်ပါမောက္ခ၊ အိုးဆာကာတက္ကသိုလ်)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးလမင်းရောင်၏ချစ်လှစွာသောဘွားဘွားသည် ၃-၆-၂၀၂၂ (သောကြာနေ့) ည ၁၁:၂၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းရောက်ရှိကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၆-၂၀၂၂ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝင်းဝင်းမြင့်

**ဒု/လယ်ပြ (မူလွန်၊ အောင်မင်္ဂလာ)**

### အသက် (၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ တိုက်(၁)၊ အခန်း(၁၀)နေ (ဦးကျော်မြင့်)-ဒေါ်သန်းသန်းနွဲ့ (ခေတ္တ-USA) တို့၏ သမီးကြီး၊ ဦးခင်အောင်မြင့်-ဒေါ်စောစောသက် (ခေတ္တ-USA)၊ ဦးထွန်းအောင်ကျော်-ဒေါ်ယဉ်ယဉ်နွယ်၊ ဦးအောင်မျိုးကျော်-ဒေါ်ရည်ဇော်ပြုံး (ခေတ္တ-USA)တို့၏ အစ်မကြီး၊ ဦးအုန်းသွင်၏ဇနီး၊ မောင်ဇေယျာနောင်၊ မရည်မွန်အေးတို့၏ မွေးသမိခင်၊ တူ၊ တူမ လေးယောက်တို့၏ ကြီးတော်သည် ၃-၆-၂၀၂၂ (သောကြာနေ့) နံနက် ၃:၅၀နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အမိုးနီသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၂၂ (ကြာသပတေးနေ့)တွင် အမှတ်(၂)၊ ဖြဟ္မစိုရ်လမ်း၊ သန်လျင်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၁)လမ်း၊ အမှတ်(၇၃၅)၊ မြေညီထပ် ဧရိယာ (၁၈x၅၄)ပေရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်းပြီး အများသိစေရန်ကြေညာခြင်း

အဆိုပါ တိုက်ခန်းကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ **ဦးစောရွှေအောင် [၁၂/ပဇတ(နိုင်)၀၂၆၃၃၈]**၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ သား **ဦးအောင်ပြည့်ဖြိုး [၁၂/မဂဒ(နိုင်)၁၃၈၉၀၉]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးမျိုးဆန်း [၁၂/ပဇတ(နိုင်)၀၀၄၅၅၇]**က မြေပိုင်ရှင် **ဦးစိန်မောင် [၁၂/သကတ(နိုင်)၀၂၁၄၅၂]**၏ အသိအမှတ်ပြု လက်မှတ်ရေးထိုး တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09- 5017044**

---

## ဘဝနတ်ထံပို့လွှန်တော်မူခြင်း

## ဘဒ္ဒန္တ ဝါသေဌ (မဟာကမ္မဋ္ဌာနာစရိယ)

## သိက္ခာတော်(၃၅)ဝါ၊ သက်တော်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နေ (ခမည်းတော် ဦးထွန်းတင်-မယ်တော်ဒေါ်ညိုညို)တို့၏ ဆဋ္ဌမမြောက် သားရတနာ၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ စက်သုံးလုံး ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဌ (မဟာကမ္မဋ္ဌာနာစရိယ) သိက္ခာတော် (၃၅)ဝါ၊ သက်တော် (၈၁)နှစ် မထေရ်မြတ်သည် ၃-၆-၂၀၂၂ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ဘဝနတ်ထံပို့လွှန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၇-၆-၂၀၂၂(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် စက်သုံးလုံး ဝိပဿနာဓမ္မရိပ်သာ ဝင်းအတွင်း၌ အန္တိမဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများ သိရှိနိုင်စေရန် အကြောင်းကြားအပ်ပါသည်။

သာသနာ့အကျိုးတော်ဆောင်အဖွဲ့
စက်သုံးလုံးဝိပဿနာဓမ္မရိပ်သာ

---

## ဦးမြင့်သိန်း

**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဘဏ္ဍာရေး၊ MPPE**

### အသက် (၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးဂျင်ဟိုက်-ဒေါ်အိအိ)တို့၏ သား၊ မုံရွာမြို့နေ (ဦးစိုးတင်-ဒေါ်ခင်တီ)တို့၏ သားသမက်၊ (ဦးဝင်းထိန်)-ဒေါ်အိအိခင်၊ ဦးမျိုးမြင့်-ဒေါ်တင်တင်ဝင်းတို့၏ညီ၊ (ဒေါ်ခင်လှလှ)၊ ဒေါက်တာ ဘဟန်-ဒေါ်တင်တင်အေး၊ ဒေါ်မြင့်မြင့်သိန်း၊ (ဒေါ်ခင်အေးအေး)၊ (ဒေါ်အေးအေးကြည်)၊ ဒေါ်သန်းသန်းကြွယ်၊ ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ မသီသီမြင့်၊ ကိုစိုးထွန်းအောင်-မခရစ္စတင်းနားထွန်းတို့၏ မွေးသဖခင်၊ ဒေါ်ခင်စန်းဝင်း၏ ချစ်လှစွာသော ခင်ပွန်း ဦးမြင့်သိန်းသည် ၁-၆-၂၀၂၂ ရက် ည ၉ နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၆-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအား ရုပ်သိမ်းခြင်း

(၂-၆-၂၀၂၂) ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာ စာမျက်နှာ (၂၃)တွင် ဒေါ်ဝင်းဝင်းနွယ် (အထက်တန်းရှေ့နေ) စဉ်-၁၁၈၆၉ မှ ကြေညာခဲ့သော ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွဲ့ (မော်ကျွန်း-သရက်တော)

### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် (၄၇၀)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ (ဦးကြီးစိန်-ဒေါ်မြကြည်)တို့၏သမီး၊ (ဦးဖိုးညဏ်-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးစန်း (တိုင်းရင်းဆေးသမားတော်)၏ ချစ်လှစွာသောဇနီး၊ ဦးခင်စိုး-(ဒေါ်ခင်လှိုင်)၊ ဦးခင်မောင်-ဒေါ်ခင်ထွေး၊ ဦးစိုး(MPT -ငြိမ်း)-ဒေါ်ခင်မမ(MEPE-ငြိမ်း)၊ ဦးမြင့်ဆွေ-(ဒေါ်ရင်ရွှေ)၊(ဦးမြင့်သန်း)-ဒေါ်ချိုတို့၏ ချစ်လှစွာသောမမကြီး၊ သား ဦးစန်းဦး၊ သမီး ဒေါ်လဲ့လဲ့ဝင်း (အလပြ-ငြိမ်း) အထက(၂)ဗဟန်း၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်နွဲ့သည်(၄.၆.၂၀၂၂) ရက်နံနက်(၁၀:၄၀)နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ကွယ်လွန်သူအားရည်စူး၍(၁၀.၆.၂၀၂၂) ရက်နံနက်(၇)နာရီမှ(၁၀)နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

သင့်
သွေး
ဖြစ်
အ
သက်
ကယ်
ပါ

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်သောင်းခင်[၁၂/မရက(နိုင်)၀၃၈၇၉၉]အမည်ပေါက်ဖြစ်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ နွယ်သာကီလမ်း၊ မြေကွက်အမှတ်(၃၂)၊ (အလျား၄၄'x အနံ ၇၅')အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသည့် အလျား(၂၄')x အနံ (၇၅')အကျယ်အဝန်းရှိ (ခေါင်းရင်းဘက်ခြမ်း)မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဖခင်ဖြစ်သူ ဦးမောင်မောင်နှင့် မြေကွက်အမည်ပေါက်ဖြစ်သူ မိခင် ဒေါ်သောင်းခင်တို့သည် အသီးသီးကွယ်လွန်သွားပြီဖြစ်၍ သားသမီး/မြေးများဖြစ်ကြသော (၁)ဒေါ်ခင်အုန်းမြင့် (ကွယ်လွန်)၏သား ဦးမျိုးမြင့်သိန်း[၁၂/ရကန(နိုင်)၀၇၀၉၀၃]၊ (၂)ဦးခင်မောင်အုန်း[၁၂/မရက(နိုင်) ၀၅၃၄၉၁]၊ (၃)ဦးခင်မောင်ညွန့်[၁၂/မရက(နိုင်)၀၅၁၃၆၀]တို့မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုကာ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်[B.A(Eco),H.G.P]**
**အထက်တန်းရှေ့နေ(စဉ်-၁၁၈၆၉)**
**အမှတ်(၁၂၈/က)၊ ဟိုင်ဆင်းဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၈၉၁၄၉၈၆**

---

**မီး ဘေး ရှောင်**
**မ လောင် ခင် တား**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

# ရန်ကုန်မြို့ပြ မြေအောက်ရေအောင်းလွှာဂေဟစနစ် နိမ့်ကျနေမှုကို Artificial Water Recharge နည်းစနစ်ဖြင့် မြို့တော်စည်ပင်က ပြန်လည်မြှင့်တင်မည်



ကွန်ကရစ်အခြေခံအဆောက်အအုံများဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရန်ကုန်မြို့ကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၄

ရန်ကုန်မြို့ပြ မြေအောက်ရေအောင်းလွှာအတွင်း စွန့်ပစ်ရေနှင့် သဘာဝမိုးရေများ မရောက်ရှိတော့ဘဲ ကွန်ကရစ်ရေမြောင်းများမှတစ်ဆင့် မြစ်များ၊ ချောင်းများ၊ ပင်လယ်ထဲသို့ စီးဆင်းနေမှုတို့သည် ရေရှည်အတွက် စိုးရိမ်စရာဖြစ်လာ၍ မြေအောက် ရေအောင်းလွှာအတွင်း သဘာဝစိမ့်ရေများရောက်ရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အစိမ်းရောင်နယ်မြေများသတ်မှတ်ကာ သစ်ပင်များတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင် အောင်မြင်ကျင့်သုံးနေသော Artificial Water Recharge နည်းစနစ်ကိုပါ ပူးတွဲဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✳

**ယနေ့ ဖတ်စရာ**

**နိုင်ငံကြီးသားစိတ်ထား**

ဆောင်းပါး စာမျက်နှာ » ၈

**ကုလသမဂ္ဂက ဆိုမာလီယာနိုင်ငံသို့ အရေးပေါ်အကူအညီ ကန်ဒေါ်လာ သန်း ၂၀ ထောက်ပံ့မည့်အစီအစဉ်တစ်ရပ်ဆောင်ရွက်**

စာမျက်နှာ » ၁၃

**တို့ကမ္ဘာမြေ သန့်ရှင်းသာယာဖို့ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၈

## ၂၀၂၅၊ ၂၀၂၇ နှင့် ၂၀၂၉ ဆီးဂိမ်း အိမ်ရှင်နိုင်ငံများ အတည်ပြု

ရန်ကုန် ဇွန် ၄

ဆီးဂိမ်းအဖွဲ့ချုပ်သည် ၂၀၂၅၊ ၂၀၂၇ နှင့် ၂၀၂၉ ခုနှစ်တို့တွင် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံများအား အတည်ပြုလိုက်ပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ မေ ၂၃ ရက်တွင် ပြီးစီးပြီဖြစ်ပြီး (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများအနေဖြင့် လာမည့်ပြိုင်ပွဲများအတွက် အိမ်ရှင်နိုင်ငံများကို ကြိုတင်အတည်ပြုခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့်(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မလေးရှားနိုင်ငံ၊ ၂၀၂၉ ခုနှစ်တွင်ကျင်းပမည့် (၃၅)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို စင်ကာပူနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ယခင်က ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲကို ဘရူနိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသော်လည်း

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂

## တမူးမြို့ စော်ဘွားအင်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၄

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကိုနိုင်ငံတော်အစိုးရက အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍



တမူးမြို့ စော်ဘွားအင်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုကို မီးငြိမ်းသတ်နေစဉ်။